**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၆၆)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ထပ်မံခံစားခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၀/၂၀၂၅**
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)
**နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ထပ်မံခံစားခွင့်ပြုခြင်း**

**အပိုင်း ၁**
**ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး**

၁။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင်တစ်လ ကျပ် ၃၀,၀၀၀/- ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၆၀,၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀,၀၀၀/- (ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုလိုက်သည်။

**အပိုင်း ၂**
**တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး**

၁။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀,၀၀၀/-ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍

**စာမျက်နှာ ၅ ကော်လံ ၁ ➪**

## စွမ်းအင်ဝန်ကြီးဌာန အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)မှ ထုတ်လုပ်သည့် ပြည်တွင်းထုတ်ဓာတ်ဆီ(RON 77)အား အများပြည်သူသို့ လွတ်လပ်စွာဖြန့်ဖြူးရောင်းချပေးသွားမည်

နေပြည်တော် စက်တင်ဘာ ၃၀

စွမ်းအင်ဝန်ကြီးဌာနမှ **"ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့"** ရောက်ရှိစေရေးနှင့် စက်သုံးဆီဈေးနှုန်းမြင့်မားမှုအား တစ်ဖက်တစ်လမ်းမှ လျော့နည်းသက်သာစေရန်ရည်ရွယ်၍ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ထုတ်လုပ်သည့် ပြည်တွင်းထုတ်ဓာတ်ဆီ (RON 68) အား ၄-၁-၂၀၂၅ ရက်နေ့မှစ၍ တစ်လီတာ လျှင် ၂၂၀၀ ကျပ်နှုန်းဖြင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ စက်သုံးဆီအရောင်းဆိုင်များမှ အများပြည်သူသို့ လွတ်လပ်စွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

**စာမျက်နှာ ၅ ကော်လံ ၁ ❍**



## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်။

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်းမဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။


**ဆောင်းပါး**
မြန်မာ့စွမ်းအင်ဖူလုံရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နျူကလီးယားစွမ်းအင်၊ နျူကလီးယားနည်းပညာ၏အကျိုးသက်ရောက်မှုများနှင့် အခွင့်အလမ်းများ စာ - ၁၁ သို့
ပြည်သူကဂုဏ်ယူအားကိုးရသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စာ - ၁၃ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁ ရက်)

# အောင်မြင်သောခရီးစဉ်နှင့် နိုင်ငံ့အနာဂတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း စက်တင်ဘာလ ၂၄ ရက်မှ ၂၉ ရက်အထိ သွားရောက်ခဲ့သည်။ မော်စကိုမြို့တွင်ပြုလုပ်သည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်(World Atomic Week Forum)တွင် ရုရှားနိုင်ငံသမ္မတ၊ ဘယ်လာရုစ်သမ္မတ ၊ အာမေးနီးယားဝန်ကြီးချုပ်၊ အီသီယိုးပီးယားဝန်ကြီးချုပ်၊ အခြားခေါင်းဆောင်များ၊ IAEA ၏ညွှန်ကြားရေးမှူးချုပ်တို့နှင့်တွေ့ဆုံခဲ့သည်။ နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများကိုဆွေးနွေးနိုင်ခဲ့သည်။ အဆိုပါညီလာခံတွင်အဓိကအားဖြင့်အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးနှင့်ပတ်သက်ပြီး အမြင်ချင်းဖလှယ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် IAEA အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည့်အတွက် အဏုမြူစွမ်းအင်ကိုလူသားအကျိုးပြုလုပ်ငန်းများတွင်အသုံးပြုနိုင်ရန် အမြင်ချင်းဖလှယ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံတော်အကြီးအကဲသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီးနှင့် သီးခြားတွေ့ဆုံနိုင်ခဲ့သည်။ မတ်လတွင်တွေ့ဆုံခဲ့သည့်ရလဒ်များနှင့်ပတ်သက်၍ ပိုမိုပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင်တိုးမြှင့်ဆောင်ရွက်နိုင်ရန်ဆွေးနွေးခဲ့သည်။ ပထမဦးစွာကူးသန်းရောင်းဝယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကိစ္စ၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ အာကာသနှင့်အဏုမြူဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေးနိုင်ခဲ့သည်။

အလားတူ ကာဇက်စတန်နိုင်ငံကိုရောက်ရှိသည့်အခါ ကာဇက်စတန်သမ္မတကြီးနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ ပြီးခဲ့သည့်မတ်လကဆွေးနွေးခဲ့သည့် ပထမအကြိမ်ဆွေးနွေးခဲ့သည့်ရလဒ်အပေါ်မူတည်ပြီး မည်သည့်ကဏ္ဍတွင်ပိုပြီးတိုးချဲ့မည်၊ မည်သည့်ကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှုပြုမည်၊ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းများအသုံးပြုပြီးတော့မှ ကာဇက်စတန်နိုင်ငံတွင်တန်ဖိုးမြင့်ပစ္စည်းများမည်ကဲ့သို့ ထုတ်လုပ်ကြမည်၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာကဏ္ဍ၊ မြို့ပြဆိုင်ရာကဏ္ဍများတွင်မည်သို့ပူးပေါင်းဆောင်ရွက်ကြမည်စသည်ဖြင့်ဆွေးနွေးနိုင်ခဲ့သည့်အတွက် ကောင်းမွန်သည့်ရလဒ်များရရှိခဲ့သည်။

မြန်မာနှင့်ကာဇက်စတန်နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုမှာ ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် စတင်ခြင်းဖြစ်ပြီး နိုင်ငံတော်အကြီးအကဲရောက်ရှိသည်မှာ စက်တင်ဘာလ ၂၇ ရက်နေ့ဖြစ်၍ ၂၆ နှစ်ပြည့်ပြီးတစ်ရက်တွင်ရောက်ရှိခြင်းဖြစ်သည်။ ကာဇက်စတန်သမ္မတကြီးက မြန်မာနိုင်ငံခေါင်းဆောင်တစ်ယောက်အနေဖြင့် ပထမဦးဆုံးလာသည့်ခရီးစဉ်ဖြစ်ကြောင်း၊ New Step ခြေလှမ်းသစ်တစ်ခုကိုစခဲ့သည်ဟုပြောကြားခဲ့သည်။ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်များမှာ စီးပွားရေးအရပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာကိစ္စရပ်များ၊ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ကျန်းမာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့သည်။

ကာဇက်စတန်နိုင်ငံသည်မြေအောက်သယံဇာတများဖြစ်သည့် ရေနံနှင့်ဓာတ်ငွေ့၊ကြေးနီ၊ ရွှေ၊ ခရိုမီယမ်၊ သံများထွက်ရှိပြီး ကမ္ဘာတွင်ထိပ်တန်းတင်ပို့သည့်နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးလည်းလုပ်ကိုင်ပြီး ကာဇက်စတန်နိုင်ငံကထွက်ရှိသည့်ဂျုံမှာ ကမ္ဘာတွင်အကောင်းဆုံးဂျုံထဲတွင်ပါဝင်သည်။ ထို့အတူ မြန်မာနိုင်ငံကထုတ်ကုန်ပစ္စည်းများတွင် ပေါ်ဆန်းမွှေးဆန်ကိုစိတ်ဝင်စားသည်။ နှစ်နိုင်ငံတွေ့ဆုံနိုင်ခဲ့မှုအခြေအနေမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကို နှစ်ဦးနှစ်ဖက်ကနေစိတ်အားထက်သန်စွာဖြင့် တိုးချဲ့ကြမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏မေးမြန်းမှုကို ပြန်လည်ဖြေကြားရာတွင် **"အဓိကတော့ ကျွန်တော်တို့က ဘက်ပေါင်းစုံက ကြိုးစားဖို့လိုတယ်။ တစ်ဖက်ကလည်း နိုင်ငံရေးအရသဘောထားကွဲလွဲမှုတွေလည်းပြည်ထောင်စုရဲ့အကျိုးကိုရည်မှန်းပြီးတော့ အမြင်ကျယ်ကျယ်နဲ့လုပ်ဖို့လိုတယ်။ တချို့ပြောဆိုနေကြတာတွေက တော်တော်လေးကိုအားနည်းချက်တော့ ရှိတယ်လို့ ကျွန်တော်မြင်တယ်။ အဓိကတော့သူတို့နိုင်ငံရေးအရ ဘာသာရေးအရ တိုင်းရင်းသားရေးအရ တချို့ပြောဆိုနေတာလေးပေါ့။ ပြောဆိုတာလေးတွေက ဒီထက်ပိုပြီးအမြင်ကျယ်ကျယ်နဲ့ပြောဆိုလုပ်ကိုင်မယ်ဆို ပိုကောင်းမယ်လို့ ကျွန်တော်မြင်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့တွေ ကြိုးစားအားထုတ်မှုလည်းလိုတယ်"**ဟု ဖြေကြားခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ပြည်ပခရီးစဉ်အတွင်းအဏုမြူကိစ္စနှင့်ပတ်သက်ပြီးပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခြင်း၊ အာကာသနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းနှင့်အခြားအောင်မြင်မှုများစွာရှိခဲ့သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်အကြီးအကဲ၏ပြည်ပခရီးစဉ်အောင်မြင်မှုများကိုပိုမိုအကောင်အထည်ဖော်ရန်အတွက် ပြည်သူများအားလုံးစည်းလုံးညီညွတ်စွာလိုက်ပါဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန် ၈၈ ရက် သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၅/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့်ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

---

## ပဲခူးမြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးဆောင်ရွက်

ပဲခူး စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရန်ကုန်-မန္တလေးကားလမ်းဟောင်းပေါ်၌ ဆိုင်ကယ်စီးနင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးခြင်းကို စက်တင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် အမှတ်(၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ပဲခူးခရိုင်)မှ တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း/ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင်ရန်ကုန်-မန္တလေးကားလမ်းဟောင်းပေါ်ရှိ ကျောက်တွင်းကုန်းလမ်းဆုံနေရာနှင့် တိုင်းဒေသကြီးလွှတ်တော်ရုံးရှေ့နေရာတို့၌ ဆိုင်ကယ်စီးနင်းသူများအား ၂၀၂၂ခုနှစ်ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေပုဒ်မ ၃၂၁(ဏ) အရယာဉ်မောင်းသူများအနေဖြင့်လက်ယာဘက်ကပ်၍ မောင်းရန်၊ သီးသန့်သတ်မှတ်ထားသော မျဉ်းဝါအတွင်းမှသာ သတ်မှတ်ထားသောစံနှုန်းများအတိုင်းမောင်းနှင်ကြရန် အသိပညာပေးဆောင်ရွက်ကြကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

---

### သဇင်(FM)အသံလွှင့်အစီအစဉ်

၁-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

---


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးဧက ၃၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

ပွင့်ဖြူ စက်တင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးဧက ၃၀၀၀ ကျော် စိုက်ပျိုးရန်လျာထားကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ပဲကြီး ၃၇၆၄ ဧက စိုက်ပျိုးရန်လျာထားပြီး သတ်မှတ်စိုက်ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲကြီး ၃၇၆၄ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေအချိန်မီရရှိရေး၊ အထွက်နှုန်းကောင်းတဲ့မျိုးတွေရရှိရေး၊ အရည်အသွေးပြည့်မီစေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ စိုက်ပျိုးရေးနည်းပညာနဲ့ ပိုးမွှား



ရောဂါကင်းရှင်းရေးစတဲ့ စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ ပဲကြီးစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးနှင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

ပဲကြီးကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သည့်အတွက် ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# သရက်ချောင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

သရက်ချောင်း စက်တင်ဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာလ ၃၀ ရက်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် သရက်ချောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက သင်တန်းမှ သင်ကြားပို့ချထားသောပညာများဖြင့် မိမိကျေးရွာအထောက်အကူပြုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်စေလိုကြောင်း၊ မြို့နယ်အတွင်း ဒေသခံအမျိုးသမီးငယ်များအား အသက်မွေးဝမ်းကျောင်းပညာများရရှိစေရန် သင်တန်းကိုဖွင့်လှစ်သင်ကြားပေးသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကောင်းမြတ်ထက်က သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် (Focal Ministry)ဖြစ်သည့်အားလျော်စွာ ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်နှင့်အညီ အလုပ်အကိုင်အခွင့်အလမ်း၊ မိသားစုဝင်ငွေတိုးပွားလာစေခြင်းနှင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချရန်၊ ကျေးလက်လူထု၏စွမ်းဆောင်ရည်တိုးတက်လာစေရန်၊ မြို့နယ်အတွင်းရှိ အမျိုးသမီးများအတွက် စက်ချုပ်အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နိုင်စေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေပြီး ဆင်းရဲမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သရက်ချောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းနှင့်တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းသူများချုပ်လုပ်ထားသော အဝတ်အထည်များကို သင်တန်းသူများအားပေးအပ်ပြီး သင်တန်းသူများအားလုံးကိုယ်စား သင်တန်းသူတစ်ဦးက အဆိုပါသင်တန်းကိုဖွင့်လှစ်ပေးသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းနည်းပြဆရာမအား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသူများချုပ်လုပ်ထားသော အဝတ်အထည်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(၄၁၂)

# ကျိုက်လတ်မြို့နယ်မှထွက်ရှိသော ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



ကျိုက်လတ် စက်တင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသော ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဝင်းသူ၏ပြောဆိုချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်၌ စက်တင်ဘာလနောက်ဆုံးပတ်မှ လက်ရှိအချိန်ထိ ဒေသထွက်ကုန်ငါးမြွေထိုးခြောက်များဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက်ငါးမြွေထိုးခြောက်များကို ဒေသတွင်းဈေးကွက်အပြင် ပုသိမ်၊ ရန်ကုန် စသည့်မြို့များက ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

"လက်ရှိမှာ ငါးမြွေထိုးခြောက်တွေ အရောင်းသွက်နေပါတယ်။ ရန်ကုန်ဈေးကွက်က ငါးခြောက်တွေကို မှာယူအားတက်နေလို့ပါ။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသခံတွေရဲ့ ဒေသစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုလို ငါးမြွေထိုးခြောက်တွေမှာကုန်များလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနယ်ပယ်အသီးသီးကသူတွေလည်း အဆင်ပြေလာပါတယ်" ဟု ဒေါ်ဝင်းဝင်းသူကပြောသည်။

ကျိုက်လတ်မြို့နယ်၌ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ငါးမြွေထိုးများကိုဝယ်ယူပြီး အချိုအငန်စပ်၍ စနစ်တကျအခြောက်လှန်းကာ စားသုံးရန်အဆင့်အထိပြုလုပ်ပြီး ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ပထမအတွဲတွင် တချို့လူများက သမုတိသစ္စာထက် ပရမတ္ထသစ္စာသည် သာလျှင် မှန်ကန်သည်ဟုဆိုကာ သူ မရှိ၊ ငါ မရှိ၊ ပုဂ္ဂိုလ် သတ္တဝါမရှိဟု ပြောပြီးလျှင် လုပ်ချင်ရာလုပ်သည်အထိ ပရမ်းပတာဖြစ်သွားသူများလည်း ကြုံဖူးသည်။ စင်စစ်မှာ ဤသစ္စာနှစ်မျိုးအနက် သမုတိသစ္စာထက် ပရမတ္ထသစ္စာက နက်နဲ၍ အမြင်ခက်သည်မှန်သော်လည်း သူ့နေရာနှင့်သူ မှန်ကန်ခြင်းကိုလည်း နားလည်ဖို့အရေးကြီးပေသည်။ သို့မဟုတ်ခဲ့လျှင် ယထာဘူတကျသော အမြင်မျိုးမရရှိဘဲ လွဲလွဲချော်ချော် ဖြစ်ကုန်တတ်ပေသည်။

### သာဓကတစ်ခု

မြန်မာပြည်၌ လယ်များကို နွားများဖြင့် ထွန်ယက်ကြရသောကြောင့် နွားများ မလုံမလောက်ဖြစ်မည်စိုး၍ (စစ်တပ်မှတစ်ပါး) နွားသတ်ရုံများ ပိတ်ထားခြင်းကိုရှိပါစေဦးတော့။ အိန္ဒိယပြည်မှ ရှေးတစ်ခေတ်လုံး တင်သွင်းခဲ့သည့် ဆိတ်သားခြောက် (အမဲခြောက်) များ တင်သွင်းခြင်းကို ပိတ်ပင်ထားလိုက်သည်မှာ နားမလည်နိုင်အောင်ရှိတော့သည်။ ကျွန်ုပ်ကိုယ်တိုင် တောင်သူအဆက်အနွယ်ဖြစ်၍ တောင်သူလယ်သမားများနှင့် လက်ပွန်းတတီးနေထိုင်ခဲ့ဖူးသဖြင့် တောင်သူလယ်သမားများ၏ စားပုံသောက်ပုံနေပုံထိုင်ပုံအကြောင်း ကောင်းကောင်းကြီး သိသူတစ်ယောက်ဖြစ်သည့်အတိုင်း ပွင့်လင်းစွာရေးသားရမည်ဟုဆိုပါလျှင် ၎င်းတို့အကြိုက်ဆုံးဖြစ်၍ ဈေးအပေါဆုံးလည်းဖြစ်သော ဟင်းလျာမှာ အမဲခြောက်ပင်ဖြစ်သည်။ ဝက်သား၊ ကြက်သား၊ ဘဲသား၊ ငါးကြင်းသားသည် ဝန်ကြီး၊ ဝန်ကလေး၊ စာရေးစာချီ၊ ကုန်သည်ပွဲစားတို့အတွက် ထမင်းကိုလည်ချောင်းထဲမှ တွန်းချသည့် ဟင်းလျာကောင်းများဖြစ်သကဲ့သို့ အမဲခြောက်သည်လည်း တောင်သူလယ်သမားနှင့်ဆင်းရဲသား အလုပ်သမားများအတွက် ထမင်းကို လည်ချောင်းထဲမှ အောက်သို့ တွန်းချပေးသည့် ဟင်းလျာကောင်းတစ်ခွက်ဖြစ်သည်။ လူသတ္တဝါသည် (ဆင်းရဲချမ်းသာမရွေး) ဟင်းကောင်းလေးတစ်ခွက်မပါလျှင် ထမင်းလုတ်ကို လည်ချောင်းထဲမှအောက်သို့ဆင်းအောင် မျိုမချနိုင်သဖြင့် ဆန့်ငင်ဆန့်ငင်ဖြစ်နေတတ်သည်ဖြစ်ရာ အထက်တန်းနှင့်လူလတ်တန်းများက ထမင်းလုတ်ကို ကြက်သား၊ ဝက်သား၊ ငါးကြင်းသားဖြင့် တွန်းချသည့်နည်းတူ တောင်သူများနှင့် အလုပ်သမားဆင်းရဲသားတို့မှာလည်း အမဲခြောက်ကို 'ဒရိုင်ဘာ'အဖြစ်နှင့်အသုံးပြုရ၍ ထမင်းလုတ်ကို လည်ချောင်းအောက်သို့ကျအောင် မောင်းချကြရလေသည်။

> "ကျွန်ုပ်ကိုယ်တိုင် တောင်သူအဆက်အနွယ်ဖြစ်၍ တောင်သူလယ်သမားများနှင့် လက်ပွန်းတတီးနေထိုင်ခဲ့ဖူးသဖြင့် တောင်သူလယ်သမားများ၏ စားပုံသောက်ပုံ နေပုံထိုင်ပုံအကြောင်း ကောင်းကောင်းကြီး သိသူတစ်ယောက်ဖြစ်သည့်အတိုင်း ပွင့်လင်းစွာရေးသားရမည်ဟုဆိုပါလျှင် ၎င်းတို့အကြိုက်ဆုံးဖြစ်၍ ဈေးအပေါဆုံးလည်းဖြစ်သော ဟင်းလျာမှာ အမဲခြောက်ပင်ဖြစ်သည် . . . "

ဈေးပေါ၍ သူတို့လည်းကြိုက်သော အမဲခြောက်ကို ပိတ်ပင်ထားလိုက်ရာတွင် ခမျာများမှာ ထမင်းလုတ်ကို 'ဒရိုင်ဘာ'မပါဘဲ မောင်းချရန် မဖြစ်နိုင်သည့်အတွက်ကြောင့် ငါးသေးငါးနုပ်၊ ငါးခြောက်ရိုး၊ ကြက်ရိုးလေးများကို မမီမကမ်းနှင့် ဝယ်ယူစားသောက်ရသဖြင့် ပိုက်ဆံလည်း အပိုကုန်၊ ကျေနပ်မှုလည်းမရရှာကြချေ။ ကျွန်ုပ်သည် ဤအကြောင်းကို စိတ်ကူးဖြင့် ရေးသည်မဟုတ်၊ ဆင်းရဲသား လူတန်းစားအကြောင်းကို ကောင်းကောင်းကြီးသိ၍ရေးခြင်းဖြစ်သည်။ အမဲခြောက်သည် ဆင်းရဲသားများအဖို့၌ 'ဒရိုင်ဘာ'ကောင်းကြီးဖြစ်၏။ ဖုတ်လိုဖုတ်၊ ချက်လိုချက်၊ ထောင်းပြီး ငရုတ်သီးနှင့်ကြော်လိုကြော် အလုပ်သမား၊ လယ်သမားတို့အကြိုက်ဆုံးသော ဟင်းလျာတစ်ခွက်ဖြစ်၏။ ဤမျှလောက် လူများစုက နှစ်သက်သဘောကျသည့် အာဟာရတစ်ခုကို မြန်မာအစိုးရက နိုင်ငံခြားမှမသွင်းရဟု ပိတ်ပင်ထားခြင်းမှာ ကျွန်ုပ်အဖို့ရာ၌ လုံလောက်သောအကြောင်းပြချက်ရှာမရအောင် ရှိပါဘိသည်။

### ဤသို့ဖြစ်လေသလော

အမဲခြောက်ကို နိုင်ငံခြားမှသွင်းခွင့်ပြုခဲ့လျှင် နိုင်ငံခြား၌ နွားများ သေရလိမ့်မည်။ မြန်မာပြည်၌ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားများ ကျပ်တည်းခြင်း၊ အစားအသောက်ဈေးနှုန်းကြီးမြင့်ခြင်းအရေးထက် နိုင်ငံခြား၌ (မည်သည့်တိုင်းပြည်တွင်ဖြစ်စေ) နွားသတ္တဝါတွေ သေရသည့်အရေးက ပိုမိုကြီးကျယ်သည်ဟု ယူဆကြသလော။ သို့ဆိုလျှင် နွားသတ္တဝါ၏အသက်သည် တခြားသတ္တဝါများ၏ အသက်ထက်လည်းကောင်း၊ မြန်မာတိုင်းသူပြည်သားတို့၏ စီးပွားရေး ကျပ်တည်းမှုထက်လည်းကောင်း ပိုမိုဂရုစိုက်သင့်သည်ဟုဆိုလိုပါသလော။ နွား၏အသက်သည် တခြားသတ္တဝါများ၏ အသက်ထက် အရေးကြီးသည်ဟု ဗုဒ္ဓဘာသာကျမ်းစာတစ်စောင်တစ်ဖွဲ့က ညွှန်ကြားခြင်းရှိပါသလော။ ကျွန်ုပ်၏အယူအဆကိုတင်ပြရလျှင် အမဲသားကို ရှောင်၍ နွားကောင်ကို အထူးအလေးဂရုပြုခြင်းသည် ဟိန္ဒူဘာသာမှ စိမ့်ဝင်လာသည့်အယူဝါဒတစ်ခုဖြစ်၍ ကောင်းမြတ်သယောင်ယောင်နှင့် ဗုဒ္ဓဝါဒကိုတွန်းဖယ်ထုတ်သည့် အရိပ်နိမိတ်တစ်ခုဖြစ်သည်။ အစားအသောက်ဈေးနှုန်းကြီးခြင်းကြောင့် လူတွေကျပ်တည်းမှုထက် နွား၏အသက်က (နိုင်ငံခြားမှနွားပင်ဖြစ်စေ) ပိုမိုဂရုပြုသင့်သည်ဆိုသော အယူအဆသည် ဟိန္ဒူဝါဒအယူအဆသက်သက်ဖြစ်၍ တိုင်းသူပြည်သားချောင်ချိအောင်ပြုနိုင်စွမ်းသည့် အစိုးရတစ်ခု၏မှန်ကန်သောနိုင်ငံရေးအမြင်တစ်ခုမဟုတ်ချေ။

### ဒေဝဒတ်ဝါဒ

အမဲသားမစားခြင်းသည် ဟိန္ဒူဝါဒဖြစ်သည်ဟူ၍လည်းကောင်း၊ သက်သတ်ရှောင်ခြင်းသည် 'ဒေဝဒတ်ဝါဒ'ဖြစ်သည်ဟူ၍လည်းကောင်း ရေးသားဖော်ပြခဲ့ရာ အမဲသားအကြောင်းကိုရေးခဲ့ပြီး၍ သက်သတ်ရှောင်ခြင်း၏ ဒေဝဒတ်ဝါဒဖြစ်ပုံကို ရှင်းပြရပေဦးမည်။

**ဆက်လက်ဖော်ပြပါမည်။**

## မြောင်းမြမြို့နယ်၌ ဒေသထွက်ငါးသလောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

မြောင်းမြ စက်တင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ဒေသထွက်ငါးသလောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရီရီထွန်း၏ ပြောကြားချက်အရ သိရသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ် စက်တင်ဘာလတတိယပတ်မှစ၍ ငါးသလောက်များဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ လက်ရှိတွင် ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး တစ်ရက်လျှင် ငါးသလောက်ပိဿာ ၃၅၀၀ မှ ၄၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိမှာ မြောင်းမြဒေသထွက်ငါးသလောက်တွေ ဝယ်လိုအားကောင်းနေပါတယ်။ တစ်ရက်ကို ငါးသလောက်ပိဿာ ၃၅၀၀ ကနေ ၄၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငါးသလောက်ကလည်း လတ်ဆတ်မှုနဲ့ အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ ဒီဘက်ကနေထွက်တဲ့ ငါးသလောက်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ငါးသလောက်တွေကို ဒေသတွင်းအပြင် တခြားဒေသတွေကိုလည်း ပြန်လည်တင်ပို့ရောင်းချနေပါတယ်"ဟု ဒေါ်ရီရီထွန်းကပြောသည်။

လက်ရှိ အရောင်းအဝယ်ဖြစ်နေသည့် ငါးသလောက်များမှာ လတ်ဆတ်မှုနှင့် အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးရှိကြောင်း သိရသည်။

လက်ရှိတွင် မြောင်းမြမြို့နယ်မှထွက်ရှိသည့် ငါးသလောက်များ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေသည့်အတွက် ရေထွက်ကုန်လုပ်ငန်းလုပ်ကိုင်သူများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

## ကျွန်းစုမြို့နယ် မူလတန်းကြိုကျောင်း၌ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကျွန်းစု စက်တင်ဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနရှိ မူလတန်းကြိုကျောင်း၌ ကျောင်းတွင်းဉာဏစွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာလ ၂၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီန္တာက အဖွင့်အမှာစကားပြောကြားပြီး မူလတန်းကြိုကျောင်းမှ သမီးငယ်လေးများက ဗမာမလေးပါရှင် သီချင်းဖြင့် ကပြဖျော်ဖြေကာ အခမ်းအနားကိုဖွင့်လှစ်သည်။

ထို့နောက် ဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သော ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အဖွဲ့လိုက်သီချင်းဆိုပြိုင်ပွဲများကို ကျင်းပရာ မူလတန်းကြိုကျောင်းမှ သားငယ်၊ သမီးငယ်လေးများက အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၏မိသားစုဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။



အခမ်းအနားတွင် ပြိုင်ပွဲဝင် သားငယ်၊ သမီးငယ်လေးများအား မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီန္တာနှင့် တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

➪ ရှေ့ဖုံးမှအဆက်

ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၆၀,၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀,၀၀၀/-(ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုလိုက်သည်။

### အပိုင်း ၃
### ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်

၃။ အထက်ဖော်ပြပါ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်(၄)လအတွက်နှင့် လစာပြည့် သို့မဟုတ် လစာဝက် အစရှိသည့် လစာငွေရရှိသော အခြားခွင့်ခံစားနေသည့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ရှိပါသည်။

(ခ) ပညာသင်ကြားခွင့်[၁] ဖြင့် နိုင်ငံခြားတိုင်းပြည်များသို့စေလွှတ်ခြင်းခံရသော ဝန်ထမ်းများနှင့် ပညာသင်ခွင့်စည်းကမ်းချက်များ[၂] ဖြင့် နိုင်ငံခြားသို့ သွားရောက်ပညာသင်ကြားနေကြသည့်ဝန်ထမ်းများသည် ယင်းသို့ သွားရောက်နေသည့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ။

(ဂ) တာဝန်ထမ်းဆောင်ရာ၌ လိုအပ်သောအရည်အချင်းပြည့်စုံမှုအတွက် ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတစ်ခုခုတွင်လည်းကောင်း၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဆိုင်ရာသိပ္ပံ သို့မဟုတ် အထက်တန်းကျောင်းတစ်ခုခုတွင်လည်းကောင်း ပညာသင်ခွင့်စည်းကမ်းချက်များဖြင့် တက်ရောက်ပညာသင်ကြားခွင့်ရရှိသော ဝန်ထမ်းများအား ပညာသင်ခွင့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(ဃ) ရာထူးမှ ခေတ္တချထားခြင်းခံရသော ဝန်ထမ်းများအား တည်ဆဲနည်းဥပဒေများအရ နေထိုင်စားသောက်မှုစရိတ်[၃] ကို ထုတ်ပေးထားစဉ်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(င) ပုံသေလစာ[၄] ရရှိသော ဝန်ထမ်းများသည်လည်း အပိုထောက်ပံ့ကြေးကို လစဉ်ခံစားခွင့်ရှိမည်ဖြစ်ပါသည်။

### အပိုင်း ၄
### နေ့စားဝန်ထမ်းများနှင့်နေ့စားအလုပ်သမားများအတွက် အပိုထောက်ပံ့ကြေး

၄။ အစိုးရဌာနများနှင့်အဖွဲ့အစည်းများရှိ နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများ၏လုပ်ခကို အလုပ်ချိန်တစ်နေ့(၈)နာရီအတွက် လက်ရှိသတ်မှတ်ထားသောလုပ်ခကျပ် ၄,၈၀၀/- အပေါ်တွင် အပိုထောက်ပံ့ကြေးကျပ် ၁,၀၀၀/- ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ထပ်မံ၍ ကျပ် ၁,၀၀၀/-ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေးကျပ် ၂,၀၀၀/-အပြင် ထပ်မံ၍ ကျပ် ၁,၀၀၀/- ကို အပိုထောက်ပံ့ကြေးအဖြစ်ခံစားခွင့်ပြုရန်ဖြစ်သဖြင့် နေ့စားအလုပ်သမားများအား နေ့စဉ်လုပ်ခကျပ် ၇,၈၀၀/-(ကျပ်ခုနစ်ထောင့်ရှစ်ရာတိတိ) ကို ခွင့်ပြုရန်ဖြစ်ပါသည်။

၅။ အောက်ဖော်ပြပါဝန်ထမ်းများသည် အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ-

(က) လုပ်ငန်းစာချုပ်အစရှိသည့် ဆောင်ရွက်ပြီးစီးသောလုပ်ငန်းပမာဏ သို့မဟုတ် အရေအတွက်ကိုလိုက်၍ အခကြေးငွေရရှိသည့်ဝန်ထမ်းများနှင့်အလုပ်သမားများ၊

(ခ) အချိန်ပိုင်း[၅]သာဆောင်ရွက်ရသည့်ဝန်ထမ်းများ၊

### အပိုင်း ၅
### အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး

၆။ နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသော အငြိမ်းစားဝန်ထမ်းများ(တပ်မတော်အငြိမ်းစားဝန်ထမ်းများအပါအဝင်)အား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင်တစ်လကျပ် ၃၀,၀၀၀/- ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ပထမအကြိမ်အဖြစ် လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေးကျပ် ၃၀,၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀,၀၀၀/-(ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

### အပိုင်း ၆
### အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးပေးရေးနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်

၇။ အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးခံစားခွင့်ပြုရေးနှင့်ပတ်သက်၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(က) နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် အငြိမ်းစားဝန်ထမ်းများကိုသာ အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်ဖြစ်၍ နိုင်ငံခြားတိုင်းပြည်များတွင် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ သွားရောက်နေထိုင်ကြသူများကို နိုင်ငံခြားတွင် သွားရောက်နေစဉ်အတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုမည်မဟုတ်ပါ။

(ခ) ပင်စင်လစာတစ်ခုထက်ပို၍ရရှိနေသော အငြိမ်းစားဝန်ထမ်းများအတွက် ယင်းသို့ရရှိနေသည့် ပင်စင်လစာအားလုံး၏ စုစုပေါင်းအပေါ်တွင် အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

(ဂ) မိသားစုပင်စင်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူအားလုံး (ဥပမာ-ကွယ်လွန်သူဝန်ထမ်း၏ဇနီးနှင့်သားသမီးများအားလုံး)ခံစားရရှိနေသည့် ပင်စင်ငွေစုစုပေါင်းအပေါ်တွင် အပိုထောက်ပံ့ကြေးကိုခံစားခွင့်ပြုရန်နှင့် ယင်းအပိုထောက်ပံ့ကြေးကို တစ်ကြိမ်သတ်မှတ်ပြီးဖြစ်ပါက တစ်ဦးတစ်ယောက်၏ခံစားခွင့်ရပ်စဲသွားသည့်အခါ အပိုထောက်ပံ့ကြေးကို ထပ်မံပြင်ဆင်သတ်မှတ်ရန်မလိုပါ။

(ဃ) ယခုခွင့်ပြုသော အပိုထောက်ပံ့ကြေးကို တစ်လုံးတည်းပင်စင်အဖြစ် လဲလှယ်ခွင့်မရှိပါ။

(င) ပင်စင်နှင့်လုပ်သက်ဆုငွေများကို လက်ရှိပြဋ္ဌာန်းထားသောစည်းမျဉ်းများအတိုင်းပင် ဆက်လက်ခံစားခွင့်ပြုရမည်။

(စ) ယခင်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၅-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၂/၂/၃၀၀(၃၉၀၄/၂၀၂၄) ဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အပိုဒ် ၂ ပါအချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်။

### အပိုင်း ၇
### အထွေထွေ

၈။ ဤအမိန့်သည် **၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍** အတည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့်အငြိမ်းစားဝန်ထမ်းများအား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွက် ပေးရန်ရှိသော လစာ၊ လုပ်ခ၊ ပင်စင်လစာနှင့်အတူ အပိုထောက်ပံ့ကြေးကို ထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးရပါမည်။

**(ဒေါက်တာကံဇော်)**
**ပြည်ထောင်စုဝန်ကြီး**

၁။ Study Leave ၂။ Deputation ၃။ Subsistence Allowance ၄။ Fixed Pay ၅။ Part-time

# ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၃၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်း H.E.Dr. Khalid Bin Mohammed Al Attiyah ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိ ရုံးအမှတ်(၂၈) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံအကြား နှစ်နိုင်ငံ ဓာတ်သတ္တုကဏ္ဍဆိုင်ရာ ကိစ္စရပ်များပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ မြဝတီ

# မြန်မာနိုင်ငံပြန်တမ်း
## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၊ အိမ်တော်များဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ဦးကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဆန်းဝင်းကို လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ○ စွမ်းအင်ဝန်ကြီးဌာနမှ

ယခုအခါ ၂၀၂၃ ခုနှစ်တွင် စက်ချွတ်ယွင်း၍ရပ်ဆိုင်းခဲ့ရသည့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိအမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)အား စက်ရုံကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြင်ဆင်မှုများဆောင်ရွက်ပြီး ပြန်လည်လည်ပတ်နိုင်ခဲ့သဖြင့် အဆိုပါစက်ရုံမှထုတ်လုပ်သည့် ဓာတ်ဆီ RON 77 ကိုလည်း တစ်လီတာလျှင် ၂၂၄၅ ကျပ်နှုန်းဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိစက်သုံးဆီအရောင်းဆိုင်အမှတ်(၀၃၅၄)တွင် ၁-၁၀-၂၀၂၅ ရက်နေ့မှစတင်၍ အများပြည်သူသို့လွတ်လပ်စွာထပ်မံဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူလူထုအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၃၅၄) တွင် ပြည်တွင်းထုတ်ဓာတ်ဆီများဖြစ်သည့် RON 68 နှင့် RON 77 တို့ကို ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ မြဝတီ

# အင်အားပြင်းထန်သောမြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့ည ၈ နာရီ ၂၉ မိနစ် ၄၉ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၁၉၆၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(Leyte,Phillipines)၊မြောက်လတ္တီတွဒ် ၁၁ ဒသမ ၀၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၂၄ ဒသမ ၂၇ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၆ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းထန်သောမြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းများကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။


ဘားအံမြို့
စောမျိုးမင်းသိန်း(ပြန်/ဆက်)


နေပြည်တော်
အောင်မျိုးဝင်း(ဥတ္တရ)


အင်တော်မြို့
အင်တော(ပြန်/ဆက်)


ကမမောင်းမြို့
ကမမောင်း(ပြန်/ဆက်)


တောင်တွင်းကြီးမြို့နယ်
နောင်နောင်(ဗိသနိုးမြေ)


တောင်ဥက္ကလာပမြို့နယ်
သက်မင်းဟန်(ပြန်/ဆက်)


မူဆယ်မြို့
ချယ်ရီမြေ(မူဆယ်)


ဇီးကုန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


တောင်ကြီးမြို့
ပြည်နယ်(ပြန်/ဆက်)


ထားဝယ်မြို့နယ်
ခရိုင်(ပြန်/ဆက်)

# အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့် ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကို ပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များရေးမှတ်ရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်။
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက် ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။
- မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

**“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်”**

**“လွတ်လပ်မျှတ၊ မဲပေးကြ”**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခုအပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ပဲခူးမြို့တွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် MSMEs လယ်ယာသုံး စက်ကိရိယာပစ္စည်းထုတ်ကုန်များပြပွဲ ပြိုင်ပွဲကျင်းပနိုင်ရေး ကြည့်ရှုစစ်ဆေး




ပဲခူး စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့တွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ ဥသာမြို့သစ်(၅)ရပ်ကွက်ရှိ စစ်မှုထမ်းဟောင်းအိမ်ရာသို့ရောက်ရှိပြီး အတွင်းလမ်းသွယ် (၅) ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဥသာမြို့သစ် (၅)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ရောက်ရှိပြီး အေးချမ်းပျော်ရွှင်စွာ ကျောင်းတွင်းစာမေးပွဲဖြေဆိုနေမှုအား ကြည့်ရှုအားပေးကာ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ ဆရာ၊ ဆရာမ လုံလောက်မှုရှိစေရေးနှင့် ခေတ်မီကလေးကစားကွင်းတစ်ခု တည်ဆောက်ပေးရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကဦးဆောင်၍ အောက်တိုဘာလ ၂ ရက်တွင် ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင်ရွှေမော်ဓောစေတီတော်မြတ်ကြီး ယာဉ်ရပ်နားဝင်း၌ MSMEs လယ်ယာသုံး စက်ကိရိယာပစ္စည်းထုတ်ကုန်များ ပြပွဲ/ပြိုင်ပွဲ ကျင်းပမည့်နေရာသို့ ရောက်ရှိပြီး ဆိုင်ခန်းများနှင့် ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ပစ္စည်းများအား လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ MSMEs လယ်ယာသုံးပစ္စည်းနှင့် ဆက်စပ်ပစ္စည်း ၁၅၀ ကျော်အား ဆိုင်ခန်းပေါင်း ၄၄ ခန်းဖြင့် ခင်းကျင်းပြသမည်ဖြစ်ကြောင်းသိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်

ကော့သောင်း စက်တင်ဘာ ၃၀

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်နိုင်ဦးဆောင်သော ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ကော့သောင်းမြို့နယ်ရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့စု၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု၊ လေကြောင်းရဲတပ်ဖွဲ့စု၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စိတ်၊ ခရိုင်/မြို့နယ်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌများနှင့်တပ်ဖွဲ့ဝင်မိသားစုများသည် သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို စက်တင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တပ်ဖွဲ့ဝင်များနှင့်မိသားစုတို့က သံဃာတော်အရှင်သူမြတ်များအား ဩကာသကန်တော့ချီးဖြင့် ကန်တော့၍ ရွှေပြည်သာကျောင်းတိုက် ဆရာတော် ဦးပါမောက္ခထံမှသရဏဂုံနှင့်ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်၍ ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြသည်။

ထို့နောက် ရွှေပြည်သာကျောင်းတိုက် ဆရာတော်မှ အနုမောဒနာတရားချီးမြှင့်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကျွန်းစုမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးများစိုက်ပျိုးထားရှိ

ကျွန်းစု စက်တင်ဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ညောင်ဘီးကျေးရွာအုပ်စု ပဲယာကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများကို စက်တင်ဘာလ ၂၉ ရက်တွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်စိမ့်ထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က မိုးစပါးစိုက်ပျိုးသည့် အဆိုပါ ပဲယာကျေးရွာရှိ ဦးကြည်လင်းစိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများမှ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ကွင်းဆင်းကြည့်ရှုကြသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်စိမ့်ထွန်းကမိုးစပါးစိုက်ခင်းများတွင်မြေသြဇာများ အချိန်ကိုက်အချိုးကျထည့်သွင်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်စေရေးအတွက် ဂရုစိုက်ဆောင်ရွက်သွားရန်နှင့်အသင်းမှလိုအပ်သည့် သွင်းအားစုများရရှိရေးအတွက် မြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ ပန်းတိုင်အထွက်နှုန်းရရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# အသီးအရွက်စုံသုပ်တစ်ပွဲမှရရှိနိုင်မည့် ကျန်းမာရေးအကျိုးကျေးဇူးများ

ပေါက်ပေါက်

**"နေ့စဉ် ပုံမှန်ထမင်းစားတဲ့အထဲမှာ အသီးအရွက်စုံသုပ်တစ်ခွက်ပါအောင်စားခြင်းဟာ ကျန်းမာရေးအတွက် အလေ့အကျင့်ကောင်းဖြစ်စေတာအမှန်ပါ။ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတွေကို အစိမ်းလိုက်သုပ်စားခြင်းက လူကို ပေါ့ပေါ့ပါးပါးဖြစ်စေတဲ့အပြင် သက်ရှည်ကျန်းမာစွာနေနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ မိမိရွေးချယ်လိုက်တဲ့ ဟင်းသီးဟင်းရွက်နဲ့သစ်သီးဝလံတွေက သန့်ရှင်းလတ်ဆတ်ပြီး ဓာတုဆေးဝါးကင်းစင်ဖို့တော့လိုပါတယ် . . ."**

ကျန်းမာရေးနဲ့ညီညွတ်တဲ့ အသီးအရွက်စုံသုပ်တွေက အိမ်ရှင်မတွေအတွက် ပြင်ဆင်လုပ်ကိုင်ရတာလွယ်ကူပြီး ထမင်းမြိန်စေတဲ့အပြင် ဈေးဖိုးလည်းချွေတာရာရောက်ပါတယ်။ အိမ်မှာသုပ်စားတဲ့အတွက်ကြောင့်လည်း ဝယ်စားရတာလောက် ဈေးမကြီးဘဲ များများစားနိုင်ပါတယ်။

လတ်ဆတ်တဲ့အစိမ်းရောင်အရွက်များများပါတဲ့ အသီးအရွက်စုံသုပ်တစ်ပွဲမှာ အသီးအရွက်မှရရှိတဲ့ သဘာဝအာဟာရဓာတ်တွေဖြစ်တဲ့ ဗီတာမင်- C၊ ဖောလစ်အက်စစ်၊ အယ်လ်ဖာ၊ ဘီတာကယ်ရိုတင်း၊ လိုက်ဆိုပင်၊ ဗီတာမင် - E စတဲ့ဓာတ်တွေကို ရရှိစေနိုင်တာကြောင့် အသီးအရွက်များများစားသူတွေမှာ သွေးလည်ပတ်စီးဆင်းမှုအား ကောင်းမွန်စေကြောင်း လေ့လာစမ်းသပ်မှုတွေအရ သိရှိရပါတယ်။ အဲ့ဒီစမ်းသပ်မှုကို အမေရိကန်နိုင်ငံ Louisiana State University မှ ကျန်းမာရေးသုတေသီတွေက လူဦးရေ ၁၇၅၀၀ ကို လေ့လာခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အသီးအရွက်စုံသုပ်တစ်ပွဲမှာ အသီးအရွက်အမယ်စုံများလေ ကျန်းမာရေးနဲ့ပိုညီညွတ်လေဖြစ်ပါတယ်။ ဒါပေမဲ့ အော်ဂဲနစ်ပစ္စည်းတွေကိုသာ ရွေးချယ်တတ်ဖို့လိုပါတယ်။

နေ့စဉ် ပုံမှန်ထမင်းစားတဲ့အထဲမှာ အသီးအရွက်စုံသုပ်တစ်ခွက်ပါအောင်စားခြင်းဟာ ကျန်းမာရေးအတွက် အလေ့အကျင့်ကောင်းဖြစ်စေတာအမှန်ပါ။ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတွေကို အစိမ်းလိုက်သုပ်စားခြင်းက လူကိုပေါ့ပေါ့ပါးပါးဖြစ်စေတဲ့အပြင် သက်ရှည်ကျန်းမာစွာနေနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ မိမိရွေးချယ်လိုက်တဲ့ ဟင်းသီးဟင်းရွက်နဲ့သစ်သီးဝလံတွေက သန့်ရှင်းလတ်ဆတ်ပြီး ဓာတုဆေးဝါးကင်းစင်ဖို့တော့လိုပါတယ်။ မိမိပြင်ဆင်တဲ့အသုပ်ထဲမှာ ထည့်ဝင်ပစ္စည်းအမျိုးအစားနှင့် အချိုးအစားပမာဏပေါ်မူတည်ပြီးရရှိမယ့် အာဟာရတန်ဖိုးကလည်း မတူညီနိုင်ပါဘူး။ အသီးအရွက်စုံသုပ်ထဲမှာ ပရိုတင်းဓာတ်ကြွယ်ဝတဲ့ ချိစ် ဒါမှမဟုတ် မရောနိစ် ဒါမှမဟုတ် အစေ့အဆန်တွေပါဝင်မှုများပြားနေရင် ကယ်လိုရီများသွားပြီဖြစ်လို့ ကျန်းမာရေးနဲ့ မညီညွတ်နိုင်တော့ပါဘူး။

ကျန်းမာရေးသုတေသီတွေရဲ့ အကြံပြုချက်များအရ ကင်ဆာရောဂါဝေဒနာခံစားနေရတဲ့ လူနာများကို (က) ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတို့ကို ရံဖန်ရံခါသာစားသောအုပ်စု၊ (ခ) ဟင်းသီးဟင်းရွက်တစ်မျိုးတည်းကိုသာ တစိုက်မတ်မတ်စားသောအုပ်စု၊ (ဂ) ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံနှစ်မျိုးစလုံးကို နေ့စဉ်နီးပါး စုံစုံလင်လင်စားသောအုပ်စုဟူ၍ အုပ်စုသုံးစုခွဲပြီး လေ့လာခဲ့ရာ ယင်းနှစ်မျိုးစလုံးကို စုံလင်စွာစားသူတွေမှာ ဦးနှောက်ကင်ဆာရောဂါနှင့် လည်ပင်းကင်ဆာဖြစ်နိုင်ခြေအလားအလာ လျော့ကျသွားကြောင်း အဖြေထွက်ရှိခဲ့ပါတယ်။ အဲ့ဒီ စမ်းသပ်မှုမှာ အစိမ်းရောင်ပဲသီးအမျိုးမျိုး၊ ပဲစေ့အမျိုးမျိုး၊ ပန်းငရုတ်ပွ၊ ငရုတ်သီးစိမ်း၊ ပန်းဂေါ်ဖီစိမ်း၊ ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ ပန်းသီး၊ ဆီးသီး၊ ပန်းသစ်တော်၊ စတော်ဘယ်ရီသီး၊ မက်မွန်သီးတို့ပါဝင်ကြောင်း လေ့လာသိရပါတယ်။

အသီးအရွက်သုပ်စုံစားသုံးခြင်းဖြင့် အောက်ဖော်ပြပါ ကျန်းမာရေးအကျိုးကျေးဇူးများရရှိနိုင်ကြောင်း အကြံပြုလိုပါတယ်။

### ကိုယ်အလေးချိန်ကျစေနိုင်

ကျန်းမာရေးသုတေသီတွေရဲ့ အကြံပြုချက်အရ ကိုယ်အလေးချိန်ကျလိုသူတွေဟာ ထမင်းဝိုင်းမှာ အသီးအရွက်စုံသုပ်တစ်ပန်းကန်နဲ့ ဦးစွာ ဝမ်းဖြည့်ထားသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဟင်းသီးဟင်းရွက်ထဲမှာပါရှိတဲ့ အမျှင်ဓာတ်က လူကိုဗိုက်ပြည့်သွားစေပြီး နောက်ထပ် အစာစားချင်စိတ်ကို ချိုးနှိမ်ပေးတာကြောင့် ကိုယ်အလေးချိန်တက်မှာကို စိတ်မပူရတော့ပါဘူး။

### ခံတွင်းမြိန်စေနိုင်

အသီးအရွက်စုံသုပ်တစ်ခွက်ရဖို့အတွက် ပြင်ဆင်ရတာ အနည်းငယ် ကရိကထများပေမယ့် အသုပ်ထဲမှာ အရောင်အမျိုးအစားစုံလင်လှတဲ့ ဟင်းသီးဟင်းရွက်တွေကို လတ်လတ်ဆတ်ဆတ် အစိမ်းလိုက်ဝါးစားရတာကြောင့် လူကိုခံစားမှုအပြောင်းအလဲဖြစ်ကာ ထမင်းမြိန်စေပြီး အာဟာရဖြစ်စေပါတယ်။

### ကယ်လိုရီကျစေနိုင်

ဟင်းသီးဟင်းရွက်တွေကို ဆီနဲ့မကြော်ဘဲ သုပ်စားတဲ့အတွက်ကြောင့် ကယ်လိုရီကျစေပြီး ကိုယ်အလေးချိန်ကျစေဖို့ကိုလည်း အထောက်အပံ့ဖြစ်စေတယ်။ အသုပ်ထဲကို သံလွင်ဆီ၊ ခရမ်းချဉ်သီး၊ lutein ဓာတ်ပါတဲ့ အစိမ်းရင့်ရောင်ဟင်းသီးဟင်းရွက်တွေလှီးထည့်ခြင်း၊ သံဓာတ်ပါတဲ့ ဟင်းနုနယ်ရွက်ကို ရေနွေးဖြော၍ထည့်ခြင်းဖြင့် အထူးတလည် အမယ်စုံအောင်ပြင်ဆင်စားသုံးနိုင်မယ်ဆိုရင် ကယ်လိုရီကျစေတဲ့ ဟင်းလျာတစ်ခွက်ကောင်းကိုရရှိနိုင်ပါပြီ။ လေ့လာမှုတွေအရ အသီးအရွက်စုံသုပ် တစ်ပန်းကန်ကို တစ်ထိုင်တည်းစားခြင်းက ကယ်လိုရီ ၁၅၀ ကျစေကြောင်း၊ အစိမ်းရောင်အသီးအရွက်စုံသုပ်ဟင်းလျာကို နံနက်၊ နေ့လယ်၊ ညတစ်နေ့ ၃ ကြိမ် စားခြင်းက ကယ်လိုရီ ၁၀၀ ကျစေကြောင်း အကြံပြုထားပါတယ်။

### အမျှင်ဓာတ်တွေ ရရှိနိုင်

အမျှင်ဓာတ်ပါတဲ့ အသီးအရွက်စုံသုပ်တစ်ပွဲက ကိုလက်စထရောကိုကျစေကာ ဝမ်းချုပ်ခြင်းကိုလည်းပြေလျော့စေပါတယ်။ တစ်နည်းအားဖြင့် အမျှင်ဓာတ်က ကိုယ်အလေးချိန်ကျခြင်း၊ အူသိမ်အူမများကိုသန့်စေခြင်း၊ ခန္ဓာကိုယ်ထဲက အဆိပ်အတောက်တွေကို ရှင်းလင်းပေးခြင်းစတဲ့ ကောင်းကျိုးတွေပေးပါတယ်။

### အကောင်းဆုံး သရေစာဖြစ်

အသီးအရွက်စုံသုပ်ဆိုတာ နေ့လယ်စာ၊ ညစာတို့လို ထမင်းနဲ့ စားဖို့သက်သက်ဟင်းလျာလို့ မယူဆသင့်ပါဘူး။ ဥပမာ သရေစာတွေဖြစ်တဲ့ ကွတ်ကီး၊ အာလူးကြော်၊ ဒိုးနတ်တို့မစားဘဲ မြင်းခွာရွက်သုပ်၊ ချင်းသုပ်၊ ပဲကတ္တီပါသုပ်၊ ငှက်ပျောဖူးသုပ်၊ ပဲပင်ပေါက်၊ ပဲပြားသုပ်၊ သဘော်သီးသုပ်၊ ရှောက်သီးသုပ်၊ ကျောက်ပွင့်သုပ် စသည်ဖြင့်စားပေးခြင်းက ကျန်းမာရေးနဲ့ ညီညွတ်သော အဆာပြေစာများ ဖြစ်ပါတယ်။

### အာဟာရစုံရနိုင်

ဟင်းသီးဟင်းရွက်တွေမှာ တစ်မျိုးချင်းစီအလိုက် သဘာဝအလျောက် ကျန်းမာရေးအာနိသင်ပါရှိနေပြီး အဲဒီဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတွေကို ရောပြီး အသုပ်စုံလုပ်စားခြင်းဖြင့် အာဟာရပြည့်စုံတဲ့ ကျန်းမာရေးအာနိသင်တွေကို ထမင်းတစ်နပ်စာထဲမှာ ရရှိနိုင်မှာ ဖြစ်ပါတယ်။

### အသီးအနှံမကြိုက်သူတွေအတွက် အဆင်ပြေစေ

အသီးအနှံမကြိုက်သူတွေနဲ့ ရံဖန်ရံခါမှသာ စားလေ့ရှိသူတွေဟာ အသီးအရွက်စုံသုပ်ကို ထမင်းနဲ့ တွဲဖက်၍သော်လည်းကောင်း၊ အဆာပြေအသုပ်လုပ်စား၍သော်လည်းကောင်း စားပေးသင့်ပါတယ်။ ဒါမှသာ အပင်မှရတဲ့ သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက ခန္ဓာကိုယ်ထဲရှိ လူကိုဘေးဥပဒ်ဖြစ်စေတတ်တဲ့ free radicals မော်လီကျူးများ အန္တရာယ်မှ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ ဥပမာ ကျွဲကောသီးမကြိုက်ရင် အသီးအရွက်စုံသုပ်စားတာပဲဖြစ်ဖြစ်၊ ထောပတ်သီးမကြိုက်ရင် အသီးအရွက်စုံထဲမှာ ခပ်ပါးပါးလှီးထည့်စားတာပဲဖြစ်ဖြစ် စားပေးနိုင်ပါတယ်။

### သဘာဝအဆီဓာတ်ကိုရရှိစေ

ကျန်းမာရေးနဲ့ညီညွတ်တဲ့ အသုပ်ဖြစ်ဖို့အတွက် သံလွင်ဆီကိုသာ ဦးစားပေးရွေးချယ်ရမှာပါ။ သံလွင်ဆီနဲ့ နယ်ထားတဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတို့ကို စားလိုက်တဲ့အခါ အဲ့ဒီအရောအနှောတွေက ခန္ဓာကိုယ်ထဲက အပူရှိန်နဲ့ကောင်းစွာချက်လုပ်ပြီး၍ ဓာတ်ပြုမှုကြောင့် ခန္ဓာကိုယ်က phyto-chemicals တွေကို ကာကွယ်ပေးနိုင်တာဖြစ်လို့ ကင်ဆာရောဂါဆိုးတွေမှ ကင်းဝေးစေနိုင်ပါတယ်။

အချုပ်အားဖြင့်ဆိုသော် အသားကိုလွန်ကဲစွာစားသုံးခြင်းထက် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေကို ဦးစားပေးစားခြင်းက ဘက်ပေါင်းစုံကျန်းမာရေးအတွက်ပိုကောင်းမွန်ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့ကျန်းမာရေးပညာရှင်များက ပြည်သူများကို သက်ရှည်ကျန်းမာစေရေးအတွက် ဟင်းရွက်စုံသုပ်များ စားသုံးစေလိုသော ရည်ရွယ်ချက်ဖြင့် နှစ်တစ်နှစ်၏ မေလတစ်လလုံးကို National Salad Month အဖြစ်သတ်မှတ်ကာ သတိပေးနှိုးဆော်လျက်ရှိပါတယ်။ ဒါ့ကြောင့် နေ့စဉ်ဘဝမှာ အသီးအရွက်စုံသုပ်တွေကို အာဟာရပြည့်ဝစွာသုပ်စားကြစေလိုကြောင်းနှင့် သန့်ရှင်းလတ်ဆတ်သော ဓာတုကင်းစင်သော ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတွေကို ရွေးချယ်စားသောက်ကြဖို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။

# ပေါင်မြို့နယ်၌ ဒေသထွက် ရာသီစာကျွဲကောသီးများ ပေါ်ဦးပေါ်ဖျားမှစ၍ ဈေးကောင်းရရှိ

ပေါင်　စက်တင်ဘာ ၃၀

ယခုနှစ်တွင် မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဒေသထွက် ရာသီစာကျွဲကောသီးများ ပေါ်ဦးပေါ်ဖျားမှစ၍ ဈေးကောင်းရရှိနေကြောင်း သိရသည်။

ယခုနှစ် စက်တင်ဘာလအစောပိုင်းကတည်းက စတင်ခူးဆွတ်ရောင်းချနေသည့် ပေါင်မြို့နယ်ထွက် ကျွဲကောသီးများသည် ဈေးကွက်အတွင်း ဝယ်ယူစားသုံးမှုများပြားနေသောကြောင့် စတင်ခူးဆွတ်ချိန်မှစ၍ လက်ရှိအချိန်ထိ ဈေးကောင်းရရှိနေဆဲဖြစ်ကြောင်း သိရသည်။

" ဒီနှစ် ကျွဲကောသီးစခူးတဲ့အချိန်ကတည်းက အခုချိန်ထိ ဈေးကောင်းရနေတယ်။ ဈေးကွက်မှာလည်း အရောင်းအဝယ်ရှိတော့ ဒေသထွက်ကျွဲကောသီးတွေကို ပွဲရုံတွေက ရသလောက်ယူနေတယ်။ ဒီနှစ်က ကျွဲကောခြံပိုင်ရှင်တွေ အဆင်ပြေပါတယ်" ဟု ပေါင်မြို့နယ်မှ ကျွဲကောသီးရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

ကျွဲကောသီးကို မွန်ပြည်နယ်အတွင်း မြို့နယ်အများစု၌ စိုက်ပျိုးကြပြီး ထွက်ရှိသောကျွဲကောသီးများကို ဒေသတွင်းစားသုံးရန်ရောင်းချမှုအပြင် အလုံး ၅၀ ပါ နှီးခြင်းများဖြင့်ထုပ်ပိုးကာ ရန်ကုန်နှင့် မန္တလေးမြို့ရှိ ပွဲရုံများသို့ အဓိကတင်ပို့ရောင်းချလျက်ရှိကာ ဒေသထွက်ကျွဲကောသီးကို အဖြူသီးနှင့် ပန်းရောင်သီးဟူ၍ ခွဲခြားထားပြီး နှစ်မျိုးစလုံး အရသာချိုပြီး ဈေးနှုန်းတူညီကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

## ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

ပုသိမ် စက်တင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အမှတ်(၂) ရပ်ကွက်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ပုသိမ်မူလတန်းကြိုကျောင်း၌ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးက ကလေးများ ဉာဏစွမ်းရည်မြင့်မားကာ ညှော်ပရိသတ်များရှေ့တွင် ရဲဝံ့စွာမိမိတတ်ကျွမ်းသည့်ပညာကိုဖော်ထုတ်ပြသနိုင်ရန်ရည်ရွယ်၍ ယခုကဲ့သို့သောအခမ်းအနားကိုကျင်းပရခြင်းဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ပုသိမ်မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများက အဖွဲ့လိုက်သီချင်းသီဆိုခြင်း၊ ပုံပြင်ပြောခြင်း၊ တစ်ဦးချင်းကဗျာရွတ်ဆိုပြိုင်ပွဲဝင်ခြင်းတို့ပြုလုပ်ကြရာ ဆုရရှိသူများအား လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် အတန်းလိုက်ဆရာမများ၊ မိဘဆရာအသင်းမှတာဝန်ရှိသူများက ဆုများပေးအပ်ကြကြောင်းသိရသည်။

(၄၀၇)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဇော်ထွန်းအောင် ဦးစီးတပ်ဖွဲ့ဝင် ၁၀၂ ဦးတို့သည် စက်တင်ဘာလ ၂၇ ရက်နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီနယ်မြေပုဗ္ဗသီရိမြို့နယ်နေပြည်တော်ဘူတာကြီးဝင်းအတွင်းရှိ အောင်စကြာရတနာမုနိစေတီတော်ရင်ပြင်နှင့်ပရိဝုဏ်အတွင်းအပြင်တို့၌ သန့်ရှင်းရေးဆောင်ရွက်နေမှုကိုတွေ့ရစဉ်။ မြဝတီ

## စာပေချစ်မြတ်နိုးသူအမျိုးသမီးအသင်းအဖွဲ့ဝင်များဖြင့် စာဖတ်ဝိုင်းဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၃၀

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူအမျိုးသမီးအသင်းအဖွဲ့ဝင်များပူးပေါင်း၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၂၉ ရက်မွန်းလွဲပိုင်းတွင် အဆိုပါရုံးပြည်သူ့စာကြည့်တိုက်၌ဆောင်ရွက်သည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက စာဖတ်ဝိုင်းကျင်းပရခြင်းသည် စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စာဖတ်သူအချင်းချင်း အသိပညာများဖလှယ်နိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်ဝိုင်းပြုလုပ်ရာ စာပေချစ်မြတ်နိုးသူအမျိုးသမီးအသင်းအဖွဲ့ဝင်များက စာရေးဆရာ မင်းသန်းထိုက် ရေးသားသော စိတ်ပြင်ခြင်းအနုပညာ စာအုပ်ပါအကြောင်းအရာများကိုဖတ်ကြားပြီး မိမိတို့၏ရှုထောင့်အသီးသီးမှ ခံစားနားလည်မှုများကို အချင်းချင်း အပြန်အလှန်ဆွေးနွေးကြကြောင်းသိရသည်။

(၄၁၃)

## လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းပေးအပ်



ပြည် စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ပြည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး နဝင်းရပ်ကွက် နဝင်းရဲရိပ်သာ၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၉ ရက်နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပြည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးဖြိုးအောင်က ဒုတိယရဲမှူးကြီး မြင့်ထွန်းနိုင်ထံ သင်တန်းသူများအတွက် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဒေါ်ဖြိုးဖြိုးအောင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး ပြည်ခရိုင်ရဲတပ်ဖွဲ့မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခိုင်က သင်တန်းသားများအား သင်တန်းမှထွက်ရှိသော ကုန်ချောပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးတက်ရောက်ပြီး သင်တန်းတွင် ဆပ်ပြာဆီအမျိုးမျိုး၊ မုန်ကြည်ဆေး၊ လျှော်ဖွေး၊ Hand Gel၊ Body Scrub၊ ဆပ်ပြာခရင်၊ ရေချိုးဆပ်ပြာရည်အမျိုးမျိုး၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲအမျိုးမျိုး ထုတ်လုပ်နည်းတို့ကို စက်တင်ဘာလ ၁၈ ရက်မှ ၂၉ ရက်အထိ ၁၂ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးပြီး လုပ်ငန်းထူထောင်လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအား ငွေကျပ်သိန်း ၇၀ နှင့်ညီမျှသည့် စက်ပစ္စည်းများကိုသုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အောင်ဖြူလင်း၊ (၄၁၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြုကဗျာ

## ထက်မြက်ဝင့်ကြွား ရဲစွမ်းပကား

❖ တရားဥပဒေစိုးမိုးရေး
ရှေးရှုတွေး ရွက်ဆောင်ပျော်။
ရဲတပ်ဖွဲ့ စွမ်းဆောင်အား
ဝင့်ကြွားဂုဏ်မော်။
နိုင်ငံအပေါ်
သစ္စာတော် ဘယ်မယွင်း။
အကြမ်းဖက် အဖျက်သမားတို့ကို
ဖယ်ရှားနှိမ်နင်း။

❖ လုယက်ကာ ခေါးပြတိုက်
ခိုးဆိုးနှိုက် အလိမ်အညာတွေ။
ပြုလုပ်မှု ကင်းစေရေး
မြော်တွေးကာလေ။
ဒုစရိုက်မှုတွေ
စောင့်ကြည့်ရှာဖွေ ဖော်ထုတ်လျက်။
ရပ်ရွာတစ်ခွင် ဘယာဝေးလို့
မပြတ်အစဉ် သာယာအေးအောင်
မနေးတိုက်ဖျက်။

❖ ပါတီ ပုဂ္ဂိုလ် လူမျိုးစွဲ
ရင်ထဲ၌ ကင်းစွာပင်။
ရပ်ရွာနှင့် ပြည်သူအကျိုး
မြတ်နိုးခုံမင်။
ရဲတပ်ဖွဲ့၏ ဂုဏ်အင်
ထာဝစဉ် ကောင်းမြတ်အား။
တစ်သက်တာ
မပျက်ရာစောင့်ထိန်းလျက်
ထက်မြက်စွမ်းပကား။ ။

**မနောသစ်(ပခုက္ကူ)**

### MWD Variety Channel

၁-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၁၅ | ရှာဖွေလေ့လာ ပြတိုက်မှာ |
| ၂။ | ၁၀:၂၅ | မှတ်သားလေ့လာအိမ်တွင်းမှုပညာ |
| ၃။ | ၁၁:၃၀ | ကမ္ဘာတစ်ခွင် မှတ်တမ်းဝင် |
| ၄။ | ၂၁:၀၅ | မှတ်တမ်းအစီအစဉ် |

### MWD Education, Knowledge & Sports Channel

၁-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၀ | Grade – 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၇:၂၀ | Grade – 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၇:၂၀ - ၁၈:၀၀ | Grade – 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၈:၀၀ - ၁၉:၀၅ | Grade – 7 | သမိုင်း၊ သိပ္ပံ |

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မှတ်သားလိုက်နာပုံပမာ |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၀:၀၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း |
| ၅။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၆။ | ၁၂:၀၀ | ပန်းတို့၏အလှတရား |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၄:၀၀ | Sharing Knowledge |
| ၉။ | ၁၅:၀၀ | ဆောင်းပါးပေါ်မှစာစုများ |
| ၁၀။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၁၁။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၂။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၃။ | ၁၈:၄၀ | Music Gallery |
| ၁၄။ | ၁၉:၀၀ | (၆၁)နှစ်မြောက် ရဲတပ်ဖွဲ့နေ့ဂုဏ်ပြုဇာတ်လမ်းဘဝကိုစားသောကိန်းဂဏန်းများ<br>သရုပ်ဆောင် – အကယ်ဒမီ ခန့်စည်သူ၊ ထက်အောင်ရှိုင်း၊ အကယ်ဒမီ စိုးမြတ်သူဇာ<br>ဒါရိုက်တာ – အကယ်ဒမီ တင်အောင်စိုး<br>(ပန်းမြို့တော်) |

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲကေ ၃၀၀၀ ကျော် လျာထားစိုက်ပျိုးမည်



ပွင့်ဖြူ စက်တင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲကေ ၃၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲ ၃၁၉၂ ကေ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလတွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ သတ်မှတ်စိုက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ စားတော်ပဲ ၃၁၉၂ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ တောင်သူတွေကိုလည်း စိုက်ကေတွေတိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းတဲ့မျိုးတွေ ရွေးချယ်စိုက်ပျိုးဖို့၊ မြေဩဇာနဲ့ သွင်းအားစုတွေ စနစ်တကျ သုံးစွဲဖို့ ၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲဖို့နဲ့ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရန် ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းမျိုးများရရှိရေး၊ စိုက်ကေများ တိုးချဲ့စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ရန်ကုန်မြို့၌ ပြည်တွင်းဆီစက်များ သီတင်းကျွတ်မြေပဲဆီဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃၀

ပြည်တွင်းဆီစက်များ သီတင်းကျွတ်မြေပဲဆီဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့၌ သုံးရက်ကြာကျင်းပမည်ဖြစ်ပြီး စားသုံးသူများ လိုသလောက်နှင့် အကန့်အသတ်မရှိရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှ သိရသည်။

အဆိုပါပွဲတော်ကို မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှ ကြီးမှူး၍ အောက်တိုဘာလ ၁ ရက်မှ ၃ ရက်အထိ လမ်းမတော်မြို့နယ် UMFCCI ရှေ့နှင့် ရန်ကင်းမြို့နယ် ရန်ရှင်းလမ်းတို့၌ ရောင်းချပေးမည်ဖြစ်သည်။

"ပြည်တွင်းဆီဈေးကွက်မှာ ပြည်တွင်းစားသုံးဆီ ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ဖို့၊ စားသုံးသူတွေအနေနဲ့ ပြည်တွင်းထုတ် မပြည့်ဝဆီတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာဆီတွေကို ပိုမိုစားသုံးလာစေဖို့ ရည်ရွယ်ပါတယ်" ဟု မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခင်က ဒေသတွင်းကုန်ကြမ်းပေါ်များချိန်တွင် ဆီဈေးများ ကျဆင်းသောကြောင့် ပြည်ပတင်သွင်းဆီများနှင့် ဈေးနှုန်းကွာဟချက်နည်းပါးကြောင်း၊ အဆိုပါပွဲတော်၌ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများ ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် ပြည်တွင်း၌ မှတ်ပုံတင်ထားသည့် ဆီစက် ၃၀၀၀ ကျော်ရှိကြောင်း သိရသည်။ **ဝါဝါ**

# တိုက်ကြီးမြို့နယ်၌ တန်းမြင့်မြေတိုင်းတာခြင်းနှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်း သင်တန်းဆင်းပွဲကျင်းပ



ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၄၆)၊ လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၇၃) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာလ ၃၀ ရက်တွင် တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသိန်းစိုးမင်းက မိမိတို့ဌာနမှအသုံးပြုနေသည့်မြေပုံများကို ယခင်သမားရိုးကျတိုင်းတာသည့်စနစ်မှ ခေတ်မီမြေတိုင်းကိရိယာများဖြင့် တိုင်းတာသည့်စနစ်ကိုကျင့်သုံးပြီး Digital twin Map များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကွင်းမြေပုံများ နယ်နိမိတ်ဆက်စပ်မရခြင်း၊ ယိုင်နဲ့ခြင်းများမဖြစ်အောင် သင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့် နည်းစနစ်အဆင့်ဆင့်အတိုင်း လိုက်နာဆောင်ရွက်စေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တန်းမြင့်မြေတိုင်းတာခြင်းနှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းသင်တန်းတို့တွင် ထူးချွန်ဆုရရှိသောသင်တန်းသားများအား ကျောင်းအုပ်ကြီး ဦးသိန်းစိုးမင်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား ပေးအပ်သည်။

အဆိုပါသင်တန်းသို့ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လက်ထောက်ဦးစီးမှူးများ၊ မြေတိုင်း (၄)၊ မြေတိုင်း (၅) စုစုပေါင်း သင်တန်းသား ၂၆၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ငါးလခွဲဖြစ်ကာ သင်တန်းနည်းပြများက စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ် ဝါးတောသာကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



ပြည် စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေးရရှိစေရန်ရည်ရွယ်၍ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို စက်တင်ဘာလ ၃၀ ရက်တွင် ဝါးတောသာကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ခိုင်ဇော်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးလက်ရေရရှိရေးအတွက် ဝါးတောသာကျေးရွာ၌ အနက်ပေ ၅၀၀၊ အကျယ် ၄ လက်မခွဲရှိ တွင်းနက်တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုမ္ပဏီမှတာဝန်ရှိသူများ၊ ရေပေးဝေရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေရရှိရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ရေရရှိရေးအတွက် တွင်းနက်တူးဖော်ခြင်း လုပ်ငန်းများကို တိုင်းဒေသကြီးခွင့်ပြုငွေ ငွေကျပ် ၄၀၈ သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၆၉ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

# မြန်မာ့စွမ်းအင်ဖူလုံရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နျူကလီးယားစွမ်းအင်၊ နျူကလီးယား နည်းပညာ၏ အကျိုးသက်ရောက်မှုများနှင့် အခွင့်အလမ်းများ

ခေတ်လူငယ်

ယနေ့မျက်မှောက်ခေတ်ကာလမှာ အဏုမြူစွမ်းအင်ဟာ စွမ်းအင်ထုတ်လုပ်ရေးနဲ့ လျှပ်စစ်ဓာတ်အားဖူလုံရေးတို့အပြင် စိုက်ပျိုးရေး၊ ဆေးဝါးနဲ့ စက်မှုကဏ္ဍတွေအတွက် လွန်စွာအရေးပါလှတဲ့ အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်လာခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာ့စွမ်းအင်လိုအပ်ချက်မှာလည်း နှစ်စဉ်တိုးတက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီ(IEA)ရဲ့ အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်မှာ ၂၀၂၄ ခုနှစ်ထက် ၂ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာတာကို တွေ့ရှိရပါတယ်။ လက်ရှိအချိန်မှာတော့ ကမ္ဘာ့စွမ်းအင်လိုအပ်ချက်ရဲ့ ၉ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်မှရယူလျက်ရှိပြီး World Net-Zero Carbon Emissions အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ နျူကလီးယားစွမ်းအင်ကို ပူးတွဲအသုံးပြုရန် စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။




**ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်**
**(World Atomic Week Forum)**

ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic Week Forum – WAW) ဟာ နျူကလီးယားနည်းပညာရဲ့ ငြိမ်းချမ်းရေးဆိုင်ရာ အသုံးချမှုတွေကို ကမ္ဘာ့အဆင့် ဆွေးနွေးညှိနှိုင်းဖို့အတွက် ဖွဲ့စည်းထားတဲ့ ပလက်ဖောင်းတစ်ခုဖြစ်ပါတယ်။ ၂၀၁၀ ပြည့်လွန်နှစ်အစောပိုင်းတွေမှာ ကမ္ဘာကြီးဟာ ရာသီဥတုပြောင်းလဲမှုရဲ့ ပြင်းထန်တဲ့ သက်ရောက်မှုတွေကို ကြုံတွေ့ခဲ့ရပြီး စွမ်းအင်လုံခြုံရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စိုးရိမ်မှုတွေမြင့်တက်လာခဲ့ပါတယ်။ ဒါ့ကြောင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA)ရဲ့ ဦးဆောင်မှုနဲ့ နိုင်ငံတကာနျူကလီးယားအဖွဲ့အစည်းတွေ၊ နျူကလီးယားစွမ်းအင်သုံးနိုင်ငံတွေက ၂၁ ရာစုရဲ့ စွမ်းအင်ဆိုင်ရာ စိန်ခေါ်မှုနဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်တွေကို ဆွေးနွေးညှိနှိုင်းအဖြေရှာဖို့ နျူကလီးယားနည်းပညာနဲ့ စွမ်းအင်ဆိုင်ရာ နိုင်ငံတကာ ဆွေးနွေးပွဲကြီးတစ်ခုအဖြစ် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်ကို ၂၀၁၅ ခုနှစ်မှာ ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ စတင်ကျင်းပခဲ့ပါတယ်။

ယခု ၂၀၂၅ ခုနှစ်တွင်လည်း World Atomic Week Forum – 2025 ကို ရုရှားနျူကလီးယားလုပ်ငန်းနှစ် ၈၀ ပြည့်အထိမ်းအမှတ်အဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့တွင်ကျင်းပခဲ့ပြီး နျူကလီးယားနည်းပညာရဲ့ ငြိမ်းချမ်းရေးဆိုင်ရာအသုံးချမှုတွေဖြစ်တဲ့ (စွမ်းအင်ထုတ်လုပ်ခြင်း၊ ဆေးဘက်ဆိုင်ရာနဲ့ စိုက်ပျိုးရေး) စတာတွေမှာ မြှင့်တင်ခြင်းနဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေကို အားကောင်းစေရန်အတွက် ရည်ရွယ်ပြုလုပ်ခဲ့ပါတယ်။

**ရုရှားနိုင်ငံပိုင် နျူကလီးယားအေဂျင်စီ (Rosatom) နှင့် မြန်မာနိုင်ငံတို့၏ နျူကလီးယားစွမ်းအင်ဖွံ့ဖြိုးရေးခရီးလမ်း**

ရုရှားနိုင်ငံဟာ ဓာတ်ပေါင်းဖိုနည်းပညာသစ်ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် နျူကလီးယားစွမ်းအင်အခန်းကဏ္ဍကျယ်ပြန့်အောင် တိုးချဲ့လုပ်ဆောင်လျက်ရှိပါတယ်။ နျူကလီးယား အေဂျင်စီ Rosatom ဟာ ရုရှားနိုင်ငံပိုင် ကော်ပိုရေးရှင်းကြီးတစ်ခုဖြစ်ပြီး နျူကလီးယားစွမ်းအင်လုပ်ငန်းကို အဓိကထား လုပ်ဆောင်လျက်ရှိပါတယ်။ ၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကုမ္ပဏီပေါင်း ၃၆၀ ကျော်ရှိကာ ရုရှားနိုင်ငံတွင် အကြီးဆုံးလျှပ်စစ်စွမ်းအင်ထုတ် ကုမ္ပဏီကြီးဖြစ်ပါတယ်။ ဒီကော်ပိုရေးရှင်းဟာ နိုင်ငံပေါင်း ၁၂ နိုင်ငံရဲ့ နျူကလီးယားစွမ်းအင်စက်ရုံစီမံကိန်း ၃၆ ခုမှာ ပါဝင်လျက်ရှိပြီး ကမ္ဘာ့နျူကလီးယားလောင်စာဈေးကွက်ရဲ့ ၁၇ ဒသမ ၇ ရာခိုင်နှုန်းကိုလည်း ရယူပိုင်ဆိုင်ထားပါတယ်။

ရုရှားနိုင်ငံပိုင် Rosatom ကော်ပိုရေးရှင်းအနေနဲ့ အရှေ့တောင်အာရှဒေသမှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို ရှာဖွေလျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်ကစတင်ကာ စင်ကာပူနိုင်ငံမှာ ရုံးချုပ်ဖွင့်လှစ်ပြီး ဒေသတွင်းနျူကလီးယားစွမ်းအင်စက်ရုံတွေ တည်ဆောက်ဖို့ ဈေးကွက်ရှာဖွေခဲ့ကြပါတယ်။ ဗီယက်နမ်နိုင်ငံမှာ နျူကလီးယားဓာတ်ပေါင်းဖိုနှစ်ခု၊ အင်ဒိုနီးရှားနိုင်ငံတွင် ၁၀ မဂ္ဂါဝပ်ဓာတ်ပေါင်းဖို စီမံကိန်းတစ်ခု တည်ဆောက်ပေးခဲ့တဲ့အပြင် ထိုင်း၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့မှာ နျူကလီးယားနည်းပညာနဲ့ ပတ်သက်တဲ့ သဘောတူစာချုပ်တွေ ချုပ်ဆိုထားပါတယ်။

ရုရှားနဲ့ မြန်မာနိုင်ငံတို့ ပထမဆုံး နျူကလီးယားဆိုင်ရာ သဘောတူစာချုပ်တစ်ခုကို ၂၀၀၇ ခုနှစ်က စတင်လက်မှတ်ထိုးခဲ့ပါတယ်။ ဒီစီမံကိန်းမှ အငယ်စားအဏုမြူဓာတ်ပေါင်းဖိုတစ်ခု၊ Activation Analysis ဓာတ်ခွဲခန်းတစ်ခု၊ ဆေးဘက်ဆိုင်ရာ အိုင်ဆိုတုပ်ထုတ်လုပ်ရေးဓာတ်ခွဲခန်းတစ်ခု၊ ဆီလီကွန်ပေးသွင်းသော စနစ်တစ်ခု၊ နျူကလီးယားစွန့်ပစ်ပစ္စည်းများသန့်စင်ရေးနဲ့ မြှုပ်နှံရေးစက်ရုံတစ်ခုတို့ပါဝင်ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေများနဲ့ သဘာဝဘေးအန္တရာယ်တွေကြောင့် ယာယီရပ်ဆိုင်းခဲ့ရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတုန်းက ရန်ကုန်မြို့မှာ ရုရှားနိုင်ငံပိုင် Rosatom ကော်ပိုရေးရှင်းနဲ့ မြန်မာနိုင်ငံသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန(MOST)တို့ဟာ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ(Nuclear Technology Information Center – NTIC) တည်ထောင်ဖို့ သဘောတူညီချက်စာချုပ် (Memorandum of Agreement – MoA) ကို ချုပ်ဆိုအကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှာတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် Rosatom တို့ဟာ နျူကလီးယားအခြေခံအဆောက်အဦဆိုင်ရာ စိစစ်အကဲဖြတ်ခြင်းနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေအတွက် နားလည်မှုစာချုပ် (Memorandum of Understanding – MoU) ချုပ်ဆိုနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ နျူကလီးယားအခြေခံအဆောက်အဦလိုအပ်ချက်တွေ စာရင်းပြုစုခြင်း၊ ဦးစားပေးလုပ်ငန်းအစီအစဉ်သတ်မှတ်ခြင်း၊ အပြည်ပြည်ဆိုင်ရာနျူကလီးယားစွမ်းအင်အေဂျင်စီ(IAEA)ရဲ့ ချဉ်းကပ်နည်းများနဲ့ Rosatom ရဲ့အကောင်းဆုံးကျင့်သုံးမှုတွေကိုအခြေခံပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ပါတယ်။

မကြာသေးမီကာလဖြစ်တဲ့ ၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက်မှာ မြန်မာ-ရုရှားအစိုးရချင်း သဘောတူညီချက် (Intergovernmental Agreement) ချုပ်ဆိုနိုင်ခဲ့ပြီး အငယ်စားအဏုမြူဓာတ်ပေါင်းဖို(Small Modular Reactor-SMR) စီမံကိန်းအတွက် ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီခဲ့ပါတယ်။ ဒီစာချုပ်မှာ ၁၁၀ မဂ္ဂါဝပ်စွမ်းရည်ရှိတဲ့ SMR တစ်ခုတည်ဆောက်ခြင်းတို့ပါဝင်ပြီး အနာဂတ်မှာ ၃၃၀ မဂ္ဂါဝပ်အထိ တိုးချဲ့နိုင်ဖို့ သဘောတူညီခဲ့ပါတယ်။

လက်ရှိကျင်းပပြုလုပ်ခဲ့တဲ့ ကမ္ဘာ့နျူကလီးယားစွမ်းအင်ညီလာခံ WAW-2025 မှာ Rosatom နည်းပညာအကယ်ဒမီနဲ့ ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)တို့ဟာ ပညာရေး၊ သုတေသန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေအတွက် နားလည်မှုစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များအကြား ၂၀၂၅-၂၀၂၆ ငြိမ်းချမ်းရေးဆိုင်ရာ နျူကလီးယားပူးပေါင်းဆောင်ရွက်မှု လမ်းညွှန်မြေပုံ (Roadmap) စာချုပ်ကိုလည်း ချုပ်ဆိုနိုင်ခဲ့ပါတယ်။

အဆိုပါဖိုရမ်ကို ရုရှားသမ္မတနဲ့ IAEA ဥက္ကဋ္ဌတို့လိုမျိုး ကမ္ဘာ့အထင်ကရ ခေါင်းဆောင်တွေတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှာတည်ဆောက်မယ့် SMR နဲ့ပတ်သက်တဲ့ အပြုသဘောဆောင်တဲ့မှတ်ချက်တွေ ဆွေးနွေးခဲ့ကြပါတယ်။ ရုရှားသမ္မတနဲ့ IAEA ဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ကြတဲ့ WAW-2025 ညီလာခံမှာ SMR တည်ဆောက်မယ့် အစီအစဉ်ကို တင်ပြနိုင်ခဲ့တဲ့ မြန်မာနိုင်ငံအနေနဲ့ နျူကလီးယားစွမ်းအားကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေးအတွက် နိုင်ငံတကာရဲ့ အဟန့်အတားတွေမရှိတော့သလောက် နည်းပါးသွားပြီလို့ မှတ်ယူနိုင်ပါတယ်။

**မြန်မာနိုင်ငံတွင် တည်ဆောက်မည့် အငယ်စားအဏုမြူဓာတ်ပေါင်းဖို (Small Modular Reactor-SMR)**

အငယ်စားအဏုမြူဓာတ်ပေါင်းဖို(SMR) တစ်ခုတည်ဆောက်ဖို့ဆိုတာက အနည်းဆုံး ၃ နှစ်မှ ၅ နှစ်အထိ အချိန်ယူရပါတယ်။ ဒီလိုအချိန်ယူဆောက်လုပ်ထားတဲ့ SMR တစ်ခုဟာ လျှပ်စစ်ဓာတ်အား ၃၀၀ မဂ္ဂါဝပ်အထိ ထုတ်ပေးနိုင်ပါတယ်။ ထို့ပြင် အခြားဓာတ်အားပေးလုပ်ငန်း (ရေအား၊ လေအား)တို့ထက် ကန့်သတ်ချက်နှင့် အန္တရာယ်နည်းပါးကြောင်း တွေ့ရှိရပါတယ်။ လက်ရှိအချိန်မှာ လုပ်ငန်းလည်ပတ်နေတဲ့ အသေးစားအဏုမြူဓာတ်ပေါင်းဖို(SMR) ၃ ခုရှိပြီး

စာမျက်နှာ ၁၂ သို့ ➤

➤ စာမျက်နှာ ၁၁ မှအဆက်

အဲဒီနိုင်ငံတွေကတော့ ၂၀၂၀ ပြည့်နှစ်မှာ စတင်လည်ပတ်နေတဲ့ ရုရှားနိုင်ငံ၊ ၂၀၂၁ ခုနှစ်မှာ စတင်လည်ပတ်နေတဲ့ တရုတ်နိုင်ငံ၊ ၂၀၂၄ ခုနှစ်မှာစတင်လည်ပတ်နေတဲ့ ဂျပန်နိုင်ငံတို့ဖြစ်ပါတယ်။ အခြားဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေမှာ လုပ်ငန်းလည်ပတ်နေတဲ့ SMR တွေ မရှိသေးပေမယ့် ပုံစံအမျိုးမျိုးဖြင့် အသုံးပြုတည်ဆောက်နိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။


အငယ်စားအဏုမြူဓာတ်ပေါင်းဖို(SMR)ရဲ့ အားသာချက်တွေကတော့ သမားရိုးကျ နျူကလီးယားဓာတ်ပေါင်းဖိုတွေမှာလို အအေးခံဖို့ ရေများများစားစားမလိုတဲ့အတွက် မြစ်တွေရဲ့အနီးမှာတည်ဆောက်ဖို့ မလိုပါဘူး။ ဒါကြောင့် မြစ်ရေညစ်ညမ်းမှုကိုလည်း အထိုက်အလျောက်ကာကွယ်ပေးနိုင်ပါတယ်၊ တည်ဆောက်မှုကာလတိုတောင်းခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ မြေနေရာလိုအပ်ချက်နည်းပါးခြင်း စတဲ့အားသာချက်တွေ တွေ့ရှိရပါတယ်။ အငယ်စားအဏုမြူဓာတ်ပေါင်းဖို (SMR) တွေကတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်ပေးနိုင်တဲ့အတွက် လျှပ်စစ်ဓာတ်အားရရှိရန်လေအား၊ ရေအားနဲ့ နေရောင်ခြည်စွမ်းအင်တို့လိုအပ်မည်မဟုတ်ပေ။ သို့သော်လည်း အရွယ်အစားသေးငယ်တာကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အကန့်အသတ်ရှိနိုင်ပါတယ်။

**မြန်မာနိုင်ငံရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် အခွင့်အလမ်းများ**

ယနေ့ကမ္ဘာ့နိုင်ငံတွေမှာ တိုးတက်လာတဲ့ နျူကလီးယားနည်းပညာကိုအသုံးပြုပြီး အရပ်ဘက်ဆိုင်ရာလုပ်ငန်းများ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ခြင်း၊ စိုက်ပျိုးရေးနှင့် ဆေးဘက်ဆိုင်ရာနည်းပညာ စသည့် သိပ္ပံသုတေသနလုပ်ငန်းများကို အထောက်အပံ့ပြုနိုင်ခြင်း၊ လေယာဉ်တင်သင်္ဘောများ၊ ရေငုပ်သင်္ဘောများနှင့် ရေခဲခွဲသင်္ဘောတို့မှာ စွမ်းအားမြင့်အင်ဂျင်တွေအဖြစ် အသုံးပြုနိုင်ခြင်းတို့အပြင် စစ်ဘက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များ၊ လူသားအကျိုးပြုသော နယ်ပယ်များစွာမှာပါ အသုံးပြုလျက်ရှိပါတယ်။ ဒါ့အပြင် တိုးတက်လာတဲ့ နျူကလီးယားနည်းပညာထဲက တစ်ခုဖြစ်တဲ့ နျူကလီးယားစွမ်းအင်ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းဟာ ကနဦးကုန်ကျစရိတ်ကြီးမားသော်လည်း နည်းပညာလွန်စွာမြင့်မားပြီး အခြားအားသာချက် အများအပြားရှိတာကြောင့် မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံအချို့၊ ဒေသတွင်းနိုင်ငံအချို့တို့မှာ နျူကလီးယားဓာတ်အားပေးစက်ရုံများ တည်ဆောက်လည်ပတ်နေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအားလိုအပ်ချက်မြင့်မားလျက်ရှိပြီး အသေးစားစက်မှုလုပ်ငန်းများနှင့် ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကို ရှာဖွေကြံဆနေခြင်းဖြစ်ပါတယ်။ နျူကလီးယားစွမ်းအင်ဟာ ကမ္ဘာက ငြိမ်းချမ်းစွာ အသုံးပြုခွင့်ပြုထားတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု နည်းပါးတဲ့ စိမ်းလန်းစွမ်းအင် (Green Energy) တစ်ခုအဖြစ် သတ်မှတ်ခံရတဲ့အပြင် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားရရှိတဲ့ အရင်းအမြစ်တစ်ခုအဖြစ် မှတ်ယူကြပါတယ်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးတည်ငြိမ်မှုများစတင်ပြီး လက်ရှိစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုနိုင်မည် ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရတဲ့ မိတ်ဖက်နိုင်ငံဖြစ်တဲ့ ရုရှားနိုင်ငံနဲ့ အခုလိုပူးပေါင်းဆောင်ရွက်နိုင်ခြင်းဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အပံ့ဖြစ်စေမှာဖြစ်ပါတယ်။ လက်ရှိသဘောတူညီချက်တွေဟာ နိုင်ငံအတွက် အကျိုးကျေးဇူးများစွာရရှိစေမည့်အပြင် နောင်လာမယ့် မြန်မာ့လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ကောင်းမွန်သော အခွင့်အလမ်းများရရှိလာစေမှာဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။




ပုံ(၁) – အဏုမြူဓာတ်ပေါင်းဖိုအမျိုးအစားများနှင့်လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်မှု

# Naypyitaw State Academy မှ ဥပဒေအထူးပြု ကျောင်းသား၊ ကျောင်းသူများအတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်းအမှတ်စဉ် (၂) သင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၃၀

Naypyitaw State Academy မှ ဥပဒေအထူးပြု ကျောင်းသား၊ ကျောင်းသူများအတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ ဥပဒေပညာဌာန ပါမောက္ခ (ဌာနမှူး)၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အထူးသဖြင့် Naypyitaw State Academy မှ ဥပဒေပညာအထူးပြုကျောင်းသားများအတွက် လုပ်ငန်းခွင်သင်တန်း Internship ကိုဖွင့်လှစ်ခဲ့သည်မှာ သင်တန်းအမှတ်စဉ် (၂) ရှိပြီဖြစ်ကြောင်း၊ နောက်ပိုင်းတွင် Naypyitaw State Academy သာမကဘဲ အခြားသောတက္ကသိုလ်အသီးသီး၏ဥပဒေကျောင်းသား၊ ကျောင်းသူများကို ဖိတ်ကြားသွားမည်ဖြစ်ကြောင်း။


ယခုသင်တန်းတက်နေသည့် ကျောင်းသား၊ ကျောင်းသူများက နိုင်ငံတော်အစိုးရ၏ ဥပဒေရေးရာကိစ္စရပ်များကို ဆောင်ရွက်နေသော ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ဗဟုသုတအနေဖြင့် မဖြစ်မနေသိထားသင့်ကြောင်း၊ အမှတ်စဉ်(၁)သင်တန်းကို ၂၀၂၄ ခုနှစ်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခုနှစ်သင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာနအပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အမျိုးသားစာကြည့်တိုက်၊ ပျဉ်းမနားခရိုင် ဥပဒေရုံး၊ ဇမ္ဗူသီရိမြို့နယ်ဥပဒေရုံးနှင့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LAC သို့ လေ့လာရေးစေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Naypyitaw State Academy ပါမောက္ခချုပ်က Naypyitaw State Academy ၏ သင်ကြားမှုပုံစံများကို ရှင်းလင်းတင်ပြပြီး သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဥပဒေပညာရပ်ဆိုင်ရာ သင်တန်းအမှတ်စဉ်(၂)ကို အောက်တိုဘာလ ၁ ရက်မှ နိုဝင်ဘာလ ၁၃ ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ လက်တွေ့သင်ကြားပို့ချပေးသွားမည်ကြောင်း သတင်းရရှိသည်။

မြဝတီ

# လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်




နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့ည ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့၌ အောက်တိုဘာလ ၂ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာလ ၃ ရက်တွင် ဩရိဿပြည်နယ်တောင်ပိုင်း–အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

➤ ကျောဖုံးမှအဆက်

ဂိုးသမားကိုကျော်၍ ဒုတိယဂိုးကို သွင်းယူခဲ့ပြန်သည်။ ပွဲကစားချိန် ၃၄ မိနစ်နှင့် ၄၁ မိနစ်တို့တွင် ဝင်းစန္ဒာက YREO အသင်းအတွက် တတိယဂိုးနှင့်စတုတ္ထဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် လေးဂိုး ဂိုးမရှိဖြင့် ပြီးဆုံးသွားခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန် ၅၁ မိနစ်တွင် YREO အသင်းတိုက်စစ်မှူး အိသက်ဖြိုးက ဟက်ထရစ်ဂိုး သွင်းယူခဲ့သည့်အတွက် အသင်းအတွက် ပဉ္စမမြောက်ဂိုးရရှိသွားသည်။ ထို့အတူ ပွဲကစားချိန် ၅၆ မိနစ်တွင် ဝင်းစန္ဒာက ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် အသင်းဆဋ္ဌမမြောက်ဂိုးရရှိခဲ့ပြန်သည်။ Young Lionesses အသင်းကစားအားမလျော့ဘဲ လက်ကျန်အချိန်များကိုဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ပွဲကစားချိန် ၇၇ မိနစ်တွင် ပင်မြင့်ယံကYoung Lionesses အသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ၆ ဂိုး ၁ ဂိုးဖြင့်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

ဝန်းရံခ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်သူကဂုဏ်ယူအားကိုးရသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့

ဘုန်းမောင်ဝင်း(ဖျာပုံ)

**မြန်မာနိုင်ငံတွင် တပ်မတော်ကဲ့သို့အားကိုးရသောအဖွဲ့အစည်းတစ်ခုမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အဓိကဦးစားပေးထမ်းဆောင်သကဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို အဓိကထမ်းဆောင်နေကြရသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်တပ်မတော်သည် နိုင်ငံအတွက်မရှိမဖြစ်သော အဖွဲ့အစည်းများဖြစ်သည်။ တစ်နည်းဆိုရလျှင် နိုင်ငံတော်၏အကိုင်းအခက်များဖြစ်ကြသည်။**

> **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့်ပတ်သက်လာလျှင် ပြည်သူလူထု၏ဆန္ဒကို တရားဥပဒေနှင့်ဖြည့်ဆည်းခြင်း၊ ပြည်သူလူထုအတွက် တရားဥပဒေနှင့်အညီအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကိုရယူခြင်းတို့ကြောင့် ပြည်သူလူထုကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပေါ် အားကိုးလာနေကြပြီဖြစ်သည်။ တပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေဘောင်အတွင်းနေထိုင်ကြသောပြည်သူလူထုကို လေးစားချစ်ခင်သည့်အခါ ပြည်သူများကလည်း မိမိတို့ရပ်ရွာ အေးချမ်းသာယာရေးအတွက် ယုံကြည်စွာပူးပေါင်းဆောင်ရွက်လာကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူလူထုအကျိုးစီးပွားကို အစဉ်ဦးထိပ်ထားကာတာဝန်ထမ်းဆောင်နေကြသူများဖြစ်. . .**

တပ်မတော်သည် နှစ်စဉ် မတ်လ ၂၇ ရက်ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ထားသကဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နှစ်စဉ်အောက်တိုဘာလ ၁ ရက်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အဖြစ်သတ်မှတ်ထားသည်။ ယခုနှစ်အောက်တိုဘာလ ၁ ရက်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏(၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်တွင်းလုံခြုံရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးတို့မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ရည်မှန်းချက်တာဝန်(၄)ရပ်ဖြစ်သည်။

ထို့ပြင်မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်းစည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ်တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းရပ်(၆)ခုမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏လုပ်ငန်းတာဝန်များဖြစ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှာ ပြည်သူများမှမွေးဖွားလာသော ပြည်သူတို့၏ရင်နှစ်သည်းချာ သားသမီးရတနာများဖြစ်သည့်အတွက် ပြည်သူလူထု၏ကောင်းကျိုးကိုသာ အစဉ်ရှေးရှုသယ်ပိုးနေမည်ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟုဆိုလိုက်သည်နှင့် ဥပဒေဘောင်အတွင်းမှာ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နေသည့် ပြည်သူများအတွက် အားကိုးအားထားရာဖြစ်သည်။ **ကူညီပါရစေ**ဆိုသည့်အတိုင်း ပြည်သူတို့၏အခက်အခဲကိုကူညီလျက်ရှိသည်။ သို့သော်ဥပဒေဘောင်အတွင်းမှာနေထိုင်ခြင်းမရှိသည့်သူများအတွက်မူ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သဟဇာတဖြစ်လိမ့်မည်မဟုတ်ပေ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ဆောင်ရွက်ချက်များကြောင့် ဆိုးခိုးနှိုက်သူများ၊ လိမ်လည်သူများ၊ လုယက်သူများအား ဖမ်းဆီးရမိမှုများလာသည့်အခါ သူတို့အနေဖြင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပေါ် ရန်လိုမုန်းထားစိတ်ရှိနေလိမ့်မည်ဖြစ်သည်။

ရာဇဝတ်မှုကျူးလွန်သူများအတွက် ရာဇဝတ်ဘေးပြေးမလွတ်ဆိုစကားအတိုင်း တစ်နေ့နေ့တွင်ဥပဒေဘောင်အတွင်း သက်ဆင်းကြရမည်ဖြစ်သည်။ အများပြည်သူလူအများအနေဖြင့်မူ **ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာလွန်ချမ်းသာ** ဆိုသည်နှင့်အညီ ဥပဒေနှင့်အညီနေထိုင်ခြင်းဖြင့် မိမိတို့၏လူမှုစီးပွားဘဝများကို ရှင်သန်လှုပ်ရှားနေကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူများအတွက် မိတ်ကောင်းဆွေစစ်အရင်းအချာများဖြစ်သည်။ တစ်နည်းဆိုရလျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူများ၏ဆွေမျိုးရင်းချာများဟုဆိုနိုင်သည်။ ဆိုးကျိုးများကိုကာကွယ်၍ ကောင်းကျိုးများကိုလည်း ဖန်တီးပေးသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှာ စည်းကမ်းကောင်းမွန်ခြင်း၊ စိတ်ဓာတ်ကောင်းမွန်ခြင်း၊ စွမ်းရည်သုံးရပ်ထက်မြက်ခြင်း၊ ပြည်သူလူထု၏ယုံကြည်လေးစားအားကိုးမှုကိုခံရခြင်း၊ တပ်ဖွဲ့ဝင်များမှ စံနမူနာယူထိုက်သည့် တပ်ဖွဲ့ဝင်ဖြစ်ခြင်းဟူသောဂုဏ်အင်္ဂါ(၅)ရပ်နှင့်ပြည့်စုံနေကြရမည်ဖြစ်သည်။ ထိုသို့ဖြစ်နေစေရန်အတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့သင်တန်းကျောင်းများမှ စနစ်တကျသင်ကြားပို့ချပေးထားပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေကြသူများအားလုံးသည် မိမိထမ်းဆောင်ရမည့်တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြမည်ဆိုပါက နိုင်ငံတော်အစိုးရအနေဖြင့် ဂုဏ်ပြုချီးမြှင့်ခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက အမှာစကားပြောကြားစဉ် **"ပြည်ထောင်စုတစ်ဝန်းလုံးတရားဥပဒေစိုးမိုးရေးနှင့် လုံခြုံတည်ငြိမ်မှုရှိစေရေးဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့်လက်တွဲပူးပေါင်းပြီး ပြစ်မှုကျူးလွန်မှုမရှိအောင်ကြိုတင်ကာကွယ်ရေး၊ ပြစ်မှုကျူးလွန်ပါကလည်း တရားခံများကို ချက်ချင်းစုံစမ်းဖော်ထုတ်ဖမ်းဆီးပြီး ပြစ်မှုအလိုက်ထိရောက်သည့်ပြစ်ဒဏ်ကျခံနိုင်ရေးတို့ကို တရားဥပဒေနှင့်အညီစီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် သစ္စာ၊ သမာဓိ၊ သတ္တိဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပြည်သူကအထင်ကြီးလေးစားပြီး ဂုဏ်ယူအားကိုးရသည့် စွမ်းရည်ရှိသည့်ရဲတပ်ဖွဲ့ဖြစ်စေရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံးစည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းထမ်းဆောင်သွားကြရန် အထူးတိုက်တွန်းမှာကြားလိုကြောင်း"** ဖြင့်ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏အထူးတိုက်တွန်းမှာကြားချက်နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုမှာလည်း အမှန်တကယ်ကိုအားရကျေနပ်ဖွယ်ကောင်းလှသည်။ အထူးသဖြင့်မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများမှာ တာဝန်အပေါ်စေတနာထားမှန်းသိသာလွန်းသည်။ ပြည်တွင်းမှပြည်တွင်းတွင်လည်းကောင်း၊ ပြည်တွင်းမှပြည်ပသို့လည်းကောင်း မူးယစ်ဆေးဝါးများတရားမဝင်ရောင်းဝယ်နေခြင်းများကို အချိန်နှင့်တစ်ပြေးညီဖမ်းဆီးနိုင်သည်။ ဖမ်းဆီးရမိသမျှမူးယစ်ဆေးဝါးများမှာ ဘီလီယံပေါင်းများစွာတန်ဖိုးရှိသည်။ အဆိုပါဖမ်းဆီးရမိမှုများတွင် စက်တင်ဘာလ ၁၃ ရက်သတင်းစာများ၌ဖော်ပြထားသည့် **မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ** သတင်းမှာအလွန်တန်ဖိုးရှိသည့်သတင်းဖြစ်သည်။ အဆိုပါသတင်းတွင် မူးယစ်ဆေးဝါးတရားခံ ၁၆ ဦးတို့အား ICE ၄၄၄၀ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြားသိန်း ၄၀၊ ဘိန်းဖြူအမှုန့် ၁၄ ကီလိုဂရမ် **(မူးယစ်ဆေးဝါးကာလတန်ဖိုးငွေကျပ် ၁၇၀ ဒသမ ၄၉ ဘီလီယံခန့်)**နှင့် မော်တော်ယာဉ်ငါးစီးတို့နှင့်အတူဖမ်းဆီးရမိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာတားဆီးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးဖမ်းဆီးရမိခြင်းမှာ လူသားတို့၏အသက်ပေါင်းများစွာကိုကယ်တင်လိုက်ခြင်းဖြစ်သည်။ ထို့ပြင်အဆိုပါမူးယစ်ဆေးဝါးရောင်းဝယ်နေသူများမှာ နိုင်ငံတော်အစိုးရအား ဆန့်ကျင်တိုက်ခိုက်နေသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများဖြစ်သည်။ ၎င်းတို့သည် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းမှရရှိလာသည့်ငွေကြေးများဖြင့် လက်နက်ခဲယမ်းဝယ်ယူကာ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်ကိုဖျက်ဆီးနေကြသည်။ ဖမ်းဆီးရမိသူများတွင် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများပါဝင်နေသည်။

ပြည်သူများအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်များကို ကျေနပ်အားရလျက်ရှိကြသည်။ မှုခင်းများဖော်ထုတ်ရာတွင်လည်း အချိန်နှင့်တစ်ပြေးညီဖမ်းဆီးရမိခြင်းများကြောင့် ရဲတပ်ဖွဲ့ဝင်များ၏ဂုဏ်သိက္ခာမြင့်မားလျက်ရှိသည်။ အထူးသဖြင့် ပြည်သူများ၏ပူးပေါင်းပါဝင်မှု၊ သတင်းပေးပို့မှုများမှာ များစွာကောင်းကျိုးပြုသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့်ပတ်သက်လာလျှင် ပြည်သူလူထု၏ဆန္ဒကို တရားဥပဒေနှင့်ဖြည့်ဆည်းခြင်း၊ ပြည်သူလူထုအတွက်တရားဥပဒေနှင့်အညီအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ ပြည်သူလူထု၏ယုံကြည်ကိုးစားမှုကိုရယူခြင်းတို့ကြောင့် ပြည်သူလူထုကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပေါ် အားကိုးလာနေကြပြီဖြစ်သည်။ တပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေဘောင်အတွင်းနေထိုင်ကြသောပြည်သူလူထုကို လေးစားချစ်ခင်သည့်အခါ ပြည်သူများကလည်း မိမိတို့ရပ်ရွာအေးချမ်းသာယာရေးအတွက် ယုံကြည်စွာပူးပေါင်းဆောင်ရွက်လာကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူလူထုအကျိုးစီးပွားကို အစဉ်ဦးထိပ်ထားကာတာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်မှစ၍ ရဲတပ်ဖွဲ့သည် နိုင်ငံနှင့်ပြည်သူများအတွက် အားကိုးအားထားပြုရမည့်အဖွဲ့အစည်းတစ်ခုသို့အသွင်ပြောင်းလာခဲ့သည်။ တော်လှန်ရေးကောင်စီခေတ် ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ပြည်သူ့ရဲတပ်ဖွဲ့ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ရဲတပ်ဖွဲ့နေ့အဖြစ်စတင်သတ်မှတ်ခဲ့သည်။ ၁၉၉၅ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ "မြန်မာနိုင်ငံရဲတပ်ဖွဲ့"ဟုပြင်ဆင်သတ်မှတ်ခဲ့သည်။ ထို့ကြောင့် ယခုအခါ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့သည် (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့သို့ရောက်ရှိလာခဲ့ပြီဖြစ်သည်။


ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို တားဆီးနှိမ်နင်းရာတွင် သတင်းလက်ဦးမှုရယူဆောင်ရွက်နိုင်ရေးအတွက် အိမ်နီးချင်းငါးနိုင်ငံနှင့်အတူ နယ်စပ်ဆက်ဆံရေးရုံးများ (Border Liaison Offices– BLOs) ကွန်ရက်စနစ်တည်ထောင်ပြီး သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီအပြန်အလှန်မျှဝေဖလှယ်နိုင်ရေးအတွက် BLO အစည်းအဝေးများကိုလည်းကျင်းပလျက်ရှိသည်။ ဒေသတွင်းလူကုန်ကူးမှုနှင့် လူမှောင်ခိုမှုများ တားဆီးနှိမ်နင်းရေးစီမံကိန်းများတွင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့(INTERPOL)၊ အာဆီယံရဲအဖွဲ့(ASEANAPOL)တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ရပ်များတွင်ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှ ကြိုးကိုင်သောနိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ စက်တင်ဘာလ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသားစုစုပေါင်း ၉၄၂၁ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက် ၉၃၂၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံများသို့ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိနေသည့်ပြည်ပနိုင်ငံသား ၉၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ဆက်လက်လွှဲပြောင်းမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"** ဆိုသည့်မျှော်မှန်းချက်များနှင့်တည်ဆောက်လျက်ရှိသည်။ အဖွဲ့အစည်းကောင်းတစ်ခု၏အနှစ်သာရဖြစ်သည့် စိတ်ဓာတ်ကောင်းမွန်ရေး၊ စွမ်းရည်ပြည့်ဝရေးနှင့်တာဝန်ကျေပွန်ရေးစသည်များကို စဉ်ဆက်မပြတ်ဆက်လက်ခံယူလေ့ကျင့်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူလူထု၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင် ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုနှင့်တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့မှသည် နှစ်ပေါင်းထောင်သောင်းမက ရှည်ကြာစွာတည်ရှိပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ကောင်းကျိုးကို ပိုမိုသယ်ပိုးထမ်းဆောင်နိုင်သော **ပြည်သူကဂုဏ်ယူအားကိုးရသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့**အဖြစ် ထာဝစဉ်ရပ်တည်နိုင်ပါစေကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းများကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများလာရောက် ကြည့်ရှုလျက်ရှိသည်။


မင်းဘူး(စကု)မြို့နယ်
မောင်မောင်(မင်းဘူး)


မိုင်းပျဉ်းမြို့နယ်
နန်းသန္တာဦး(ပြန်/ဆက်)


မအူပင်မြို့နယ်
အောင်မြင့်မြတ်(ပြန်/ဆက်)


ဓနုဖြူမြို့နယ်
အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)


မြောက်ဥက္ကလာပမြို့နယ်
သက်လွင်စိုး(ပြန်/ဆက်)


ကျိုက်မရောမြို့နယ်
ကျိုက်မရော(ပြန်/ဆက်)


မြန်အောင်မြို့နယ်
ဝင်းမိုလ်(ပြန်/ဆက်)


ရန်ကင်းမြို့နယ်
လှလှထွေး(ပြန်/ဆက်)


ဘိုကလေးမြို့နယ်
မိုးစက်(ဘိုကလေး)

# ကာတာနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဟောင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကာတာနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ Dr. Khalid Bin Mohammed Al Attiyah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်၉ နာရီ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နည်းပညာ၊ စွမ်းအင်နှင့် သတ္တုတူးဖော်ရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ကာတာနိုင်ငံကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် အင်္ဂလိပ်စာရေးဖြေစာမေးပွဲ အောင်မြင်သူများအား ကွန်ပျူတာဆန်းစစ်မှုနှင့် လူတွေ့နှုတ်ဖြေ ဖြေဆိုနေမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုအားပေး



နေပြည်တော် စက်တင်ဘာ ၃၀

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သတ်မှတ်နေရာများ၌ကျင်းပလျက်ရှိသည့် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် ကွန်ပျူတာဆန်းစစ်မှုနှင့် လူတွေ့နှုတ်ဖြေ ဖြေဆိုဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ကွန်ပျူတာဆန်းစစ်ဖြေဆိုရာတွင် စက်များချွတ်ယွင်းမှုမရှိစေရေးနှင့် မေးမြန်းသည့် မေးခွန်းများအပေါ် နားလည်သဘောပေါက်မှုရှိစေရေး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်ပေးရန် မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတွင်လစ်လပ်လျက်ရှိသည့် ဝန်ထမ်းများ ဖြည့်တင်းနိုင်ရန် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူး အမျိုးသား၊ အမျိုးသမီး ၁၅၀ ခန့်ထားနိုင်ရေးအတွက် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားသူများအား စက်တင်ဘာလ ၆ ရက်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များရှိ သတ်မှတ်နေရာများ၌ အင်္ဂလိပ်စာရေးဖြေစာမေးပွဲများကို တစ်ပြိုင်တည်းကျင်းပခဲ့ပြီး အင်္ဂလိပ်စာရေးဖြေစာမေးပွဲအောင်မြင်သူများကို ကွန်ပျူတာဆန်းစစ်မှုနှင့် လူတွေ့နှုတ်ဖြေ ဖြေဆိုမှုများကို နေပြည်တော်ရှိသတ်မှတ်နေရာများ၌ ကျင်းပကာ စစ်ဆေးမှုအောင်မြင်သူများအား လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးဖြင့် ခန့်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# မြန်မာရွှေ့ပြောင်း ကျောင်းသား၊ ကျောင်းသူများအား အတန်းနေရာချထားမှုနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၃၀

မြန်မာရွှေ့ပြောင်း ကျောင်းသား၊ ကျောင်းသူများအား အတန်းနေရာချထားမှု (Placement Test)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၅၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကရင်ပြည်နယ်ပညာရေးမှူး၊ မြန်မာရွှေ့ပြောင်းလုပ်သားကော်မတီ (BMWEC)နှင့် မြန်မာရွှေ့ပြောင်းပညာရေးထောက်ပံ့မှုဖောင်ဒေးရှင်းနှင့် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ကျောင်းပြင်ပပညာရေးမှ ကျောင်းပညာရေးသို့မဟုတ် နည်းပညာနှင့်သက်မွေးပညာရေးသို့ကူးပြောင်းနိုင်သည့် တန်းညှိပညာရေးအစီအစဉ်ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာရွှေ့ပြောင်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်းနှင့်ပတ်သက်၍ ကျောင်းပြင်ပပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က မြန်မာရွှေ့ပြောင်း ကျောင်းသား၊ ကျောင်းသူများအား အတန်းနေရာချရန် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက ကျောင်းပြင်ပပညာရေးဆိုင်ရာ မူဝါဒများနှင့် ကျောင်းပညာရေးနှင့်ကျောင်းပြင်ပပညာရေး လုပ်ငန်းစဉ်များအကြားရှိ တန်းညှိပညာရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန အရည်အသွေးအာမခံမှု၊ အသိအမှတ်ပြုခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းဌာန ညွှန်ကြားရေးမှူး ဒေါ်အိဖြိုးဝင်းက အတန်းနေရာချထားမှုနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကရင်ပြည်နယ်ပညာရေးမှူးက အတန်းနေရာချထားမှု(Placement Test) ဆောင်ရွက်ရန်အတွက် စီစဉ်ပေးနိုင်မည့်အခြေအနေများကိုလည်းကောင်း၊ မြန်မာရွှေ့ပြောင်း လုပ်သားကော်မတီ (BMWEC) မှ ဒေါက်တာစောဌေးမြင့်က မြန်မာရွှေ့ပြောင်း ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူမှုအခြေအနေများနှင့် လက်ရှိကြုံတွေ့နေရသော အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"ဒလန်စွပ်စွဲလူသတ်နှိပ်စက်နေတဲ့ TNLA၊ PDF အကြမ်းဖက်တွေရဲ့ လက်အောက်မှာ ပြည်သူတွေရဲ့ အသက်အိုးအိမ်များ စတေးခံနေရ"** ခေါင်းစဉ်ဖြင့် ၁-၁၀-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမြင်မတူ ခံယူချက်မတူရင် လက်နက်မဲ့ပြည်သူကို လက်နက်အားကိုးနဲ့ လိုက်လံသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အရဟန်ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၃၀

(၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဆရာတော်သံဃာတော်များအား အရဟန်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနတပ်ဖွဲ့ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်သံဃာတော်များ ချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား အရဟန်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်ဘောဂသိဒ္ဓိရပ်ကွက်ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃)မင်္ဂလာကန်တော်၌ ကျင်းပသည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး မင်္ဂလာကန်တော်အတွင်းသို့ ငါးကောင်ရေ ၂၅၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။

ထို့အတူ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ "ကရုဏာကမ္ဘာ"ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းခဲ့ပြီး အောက်တိုဘာလ ၁ ရက်တွင် ဘိုးဘွားရိပ်သာမှ အဘိုးအဘွား ၁၉၁ ဦးတို့ကို တစ်နေ့တာ အာဟာရဒါန ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



# မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအား ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ တာဝန်ရှိသူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ/ လမ်း/ တံတားလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ/ လမ်း/တံတားလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ငလျင်ကြောင့် ရောဝတီတံတား (ရတနာပုံ) မန္တလေးဘက်ခြမ်း RP2 နှင့် RP7 ရေလည် တိုင် ၆ တိုင်ရှိ သံပေါင်ချုပ်တန်းများပျက်စီးခဲ့မှုကို အသစ်အစားထိုး လဲလှယ်တပ်ဆင်ပြီးစီးမှု၊ Connection Plate နှင့် Gusset Plate Point အသစ်လဲလှယ်တပ်ဆင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက ဧရာဝတီတံတား(ရတနာပုံ) သည် တိုင်းဒေသကြီးနှစ်ခုအား အဓိကဆက်သွယ်ပေးထားသည့် တံတားတစ်စင်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးမပြတ်တောက်စေရန် အရေးကြီးသည့်အတွက် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားရန်၊ တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် မန္တလေးတက္ကသိုလ် တက္ကသိုလ်ရုံးခန်း အစည်းအဝေးခန်းမ၌ မန္တလေးတက္ကသိုလ်မှ တာဝန်ရှိသူများက ရာပြည့်သဘင် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ဦးစီးဆပ်ကော်မတီများအလိုက် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မန္တလေးငလျင်ကြောင့် ပျက်စီးသွားသော တက္ကသိုလ်ပင်မဆောင်နှင့် ဘွဲ့နှင်းသဘင်ခန်းမတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေး လုပ်ငန်းရှင်များအသင်း(MDA)နှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်(MCEF)တို့က ပြုပြင်ဆောင်ရွက်နေသောလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးက ရာပြည့်သဘင်အခမ်းအနားအမီလုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°c | / | ၃၂°c |
| ရန်ကုန် | ၂၅°c | / | ၃၁°c |
| မန္တလေး | ၂၇°c | / | ၃၄°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ၃၀-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၉၉၀,၀၀၀) ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## Salingyi Township grows more than 3,000 acres of rainfed paddy

YINMABIN September 30

More than 3,000 acres of rainfed paddy were planted in Salingyi Township of Sagaing Region this year, according to Yinmabin District Agriculture Department.

In the 2025-2026 monsoon crop season, it is planned to cultivate 4,415 acres of rainfed paddy in Salingyi Township. Cultivation began in May this year, and as of today, 3,394 acres have already been planted.

"In this year's monsoon crop season, over 4,000 acres of rainfed paddy are planned for cultivation in Salingyi Township. Up to now, more than 3,000 acres have been planted, and cultivation is ongoing. Efforts are being made to fully meet the planned acreage. Necessary technology and seed varieties will be provided for rainfed paddy cultivation. Field assistance is being given to farmers to ensure timely planting of rainfed paddy," said Daw Myat Moe Win, Head of the Department of Agriculture in Yinmabin District.



It is reported that during this year's monsoon crop season, the relevant Township Department of Agriculture is cooperating with local farmers to ensure systematic cultivation of rainfed paddy without difficulties.

In Salingyi Township, farmers are being provided with agricultural techniques, awareness on pest control, guidance to prevent crop losses, and advice to ensure that harvested paddy is stored under shelter in time.

It is also learned that in order for the rainfed paddy fields in Salingyi Township to thrive successfully and achieve good yields this year, the Township Department of Agriculture and staff are providing field guidance on selecting quality and pure seed varieties, preventing pest infestations, proper weeding and thinning, removing inferior varieties, and systematic use of fertilizers.

**SK**

## ChaungU Township cultivates over 1,000 acres of rainfed paddy

CHAUNGU September 30

More than 1,000 acres of paddy have been planted during this year rain crops planting season, according to the Department of Agriculture for ChaungU Township.

During the 2025-2026 rain crops planting season, ChaungU Township is planning to plant 15,000 acres of paddy.

The planting of paddy has started since July this year, and 1,425 acres have been planted so far.

"We are working to ensure that the target acres are met. We will provide the necessary technology and varieties for paddy planting. We are conducting field visits to help farmers plant paddy on time," said U Tint Swe, head of the Department of Agriculture for ChaungU Township.

This year, the relevant Township Agriculture Department and local farmers are working together to ensure that paddy planting is carried out without any difficulties and is carried out systematically.

In ChaungU Township, farmers are being provided with agricultural technology, pest control, crop damage prevention, and timely delivery of harvested paddy under shelter.

**SK**

## Indaw Township to grow more than 12,000 acres of groundnut in coming winter



INDAW September 30

According to the Township Agriculture Department, local authorities earmarked cultivation of 12,822 acres of groundnut as cold season crops in Indaw Township of Sagaing Region.

In the 2025-2026 winter crop season, it is planned to cultivate 12,822 acres of groundnut in Indaw Township. Cultivation will begin in October this year and continue until December.

"In the coming winter crop season, more than 12,000 acres of groundnut are planned for cultivation in Indaw Township. Efforts will be made to fully meet the planned acreage. Groundnut cultivation has been thriving successfully, and as an oil crop, it is in a favorable situation. The cultivation of groundnut has been increasing year by year," said U Thein Khine, Head of the Township Department of Agriculture in Indaw.

It is learned that in Indaw Township, one and a half baskets of groundnut seed are sown per acre, with expenses per acre—including seed, labour charge, fertilizer, and pesticide—exceeding Ks-200,000. On average, more than 50 baskets of yield per acre can be harvested.

This year, to ensure successful groundnut cultivation in Indaw Township, prevent pest and disease outbreaks, and keep the fields weed-free, staff from the Township Department of Agriculture will conduct field inspections and maintain pest surveillance records. **SMK**

## KhinU Township grows over 5,000 acres of rainfed seed corns and millets

KHINU September 30

A total of 5,600 acres of seed corns and millets have been planted in KhinU Township, Shwebo District, Sagaing Region during this year rain crops planting season, according to the statistics of the Department of Agriculture for KhinU Township.

In the 2025-2026 rain crops planting season, KhinU Township is planning to plant 1,005 acres of seed corns and 5,491 acres of millets. Since May this year, planting has begun, and to date, 176 acres of seed corns and 5,424 acres of millets have been planted.

"We are providing education to help farmers grow seed corns and millets successfully and to prevent the spread of pests and diseases," said U Ne Win Naing, head of the Department of Agriculture for KhinU Township.

More than 50 baskets of seed corns are produced per acre, and the cost of planting one acre of seed corns is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over Ks-500,000.

**SMK**

# More than 2,000 acres of vegetables planted in ChaungU Township

CHAUNGU September 30

More than 2,000 acres of croplands have been placed under vegetables as monsoon crops in ChaungU Township of Sagaing Region, according to the Township Agriculture Department.

For the 2025–2026 monsoon crop season, 4,838 acres of vegetables are planned for cultivation in ChaungU Township. Planting began in May this year, and as of now, 2,261 acres have already been cultivated.

"This monsoon crop season, more than 4,000 acres of vegetables are planned for cultivation in ChaungU Township. So far, over 2,000 acres have been planted, and we are working to ensure the full target acreage is met. The crops include mustard, chilli, onion, potato, cabbage, coriander, ladyfinger, eggplant, and cauliflower. All vegetables are being cultivated using GAP (Good Agricultural Practices), and farmers are being trained to grow them with minimal chemical residues to ensure consumer health and safety," said U Tint Swe, Head of the ChaungU Township Department of Agriculture.

This year, the Township Department of Agriculture is providing training courses on GAP methods for vegetable growers in ChaungU, offering technical support to ensure harvested vegetables are safe and healthy for consumption with least chemical residue, and assisting farmers in expanding their vegetable cultivation.

Vegetable plantations are thriving in ChaungU Township this year, generating incomes for families of farmers. Officials of the Township Department raise farmers awareness of systematic using agricultural techniques, pesticides, fertilizers and organic pesticides. **SMK**

# Yinmabin District plants more than 11,000 acres of sunflower this year



YINMABIN September 30

Local farmers have planted more than 11,000 acres of sunflower as monsoon crops in Yinmabin District of Sagaing Region, according to the district Agriculture Department.

For the 2025–2026 monsoon crop season, 16,250 acres of sunflower are planned for cultivation in Yinmabin District. Planting began in June this year, and as of now, 11,060 acres have already been cultivated, it is learned.

"This monsoon crop season, more than 16,000 acres of sunflower are planned in Yinmabin District. So far, over 11,000 acres have been planted, and efforts are underway to meet the full target acreage. Sunflower, an oilseed crop, is being expanded to help reduce edible oil imports. Compared to other oil crops such as groundnut and sesame, sunflower produces a higher oil yield per acre. In this region, sunflower is grown only in the monsoon season," said Daw Myat Moe Win, Head of the Yinmabin District Department of Agriculture.

This year, Yinmabin Township planted 3,329 acres of sunflower, Kani Township 3,294 acres, Salingyi Township 1,212 acres and Pale Township 3,225 acres, totalling 11,060 acres.

In 2025-2026 monsoon crop cultivation season, Yinmabin Township earmarked cultivation of 7,941 acres of sunflower, Kani Township 3,939 acres, Salingyi Township 1,150 acres and Pale Township 3,220 acres, totalling 1,6,250 acres.

In order to expand sunflower cultivation in Yinmabin District, the respective Township Departments of Agriculture are accelerating awareness training programs, while training courses are also being intensified to enhance the capacity of staff and sunflower-growing farmers.

This year, arrangements have been made to supply seeds to farmers cultivating sunflower in Yinmabin District, to provide urea fertilizers at fair prices, and to distribute sunflower varieties through farmer-to-farmer exchange systems.

**SMK**

# YeU District to grow more than 12,000 acres of lablab bean in coming cold season

YEU September 30

Statistics of YeU District Agriculture Department of Sagaing Region, local farmers will cultivate more than 12,000 acres of lablab bean in the district in coming cold season.

With regard to planning to grow crops in 2025-2026 season, YeU Township earmarked cultivation of 6,059 acres of lablab bean, Taze Township 43 acres and Dabayin Township 5,973 acres, totalling 12,075 acres.

During the upcoming winter crop season this year, more than 12,000 acres of lablab bean are planned to be cultivated in YeU District. Efforts will be made to fully meet the targeted acreage.

"To achieve good yield and quality, farmers will be supported with pure and quality seeds, inputs, and post-harvest technologies in collaboration with them," said U Zaw Myint Tun, Head of the YeU District Agriculture Department.

It is learned that the Township Agriculture Departments in YeU District are carrying out awareness programs for lablab bean farmers to expand their cultivation acreage, improve yields, practice GAP-based farming methods, and use quality and high-yielding seed varieties.

Crops cultivated under the GAP system are known to have higher quality than those grown by other methods. They also fetch better market prices and, due to their quality, can be sold not only in domestic markets but also exported abroad, thereby providing greater benefits for farmers.

**SK**

# Farmers plan to grow more than 62,000 acres of chickpea in coming cold season

SHWEBO September 30

Based on data of YeU District Agriculture Department, local authorities have earmarked cultivation of 62,029 acres of chickpea as cold season crops in Shwebo District of Sagaing Region.

For the 2025–2026 winter crop season, a total of 62,029 acres of chickpeas are planned for cultivation in Shwebo District — 4,831 acres in Shwebo Township, 2,541 acres in KhinU Township, 54,327 acres in Wetlet Township, and 330 acres in Kyaukmyaung Sub-Township.

"This coming winter crop season, over 62,000 acres of chickpeas are planned in Shwebo District. We are making efforts to meet the target acreage. Chickpea cultivation has been improving year by year. To ensure better yields and quality, we will work together with farmers to provide pure and quality seeds, necessary inputs, and post-harvest technologies," said Daw Zar Zar Min, Assistant Director of the Shwebo District Department of Agriculture.

It is reported that chickpeas are being cultivated in the district with high-yield varieties such as Yezin-8 and Yezin-11, which are well-suited to the region. The cost of cultivating one acre of chickpeas is over Ks-300,000.



This year, in addition to chickpeas, other pulses are also being grown during the winter crop season. To ensure good yields and quality, farmers are being supported with quality and pure seeds, inputs, and post-harvest technologies. Extension programs are also being carried out to encourage effective use of Trichoderma bio-fungicides during pulse cultivation, in cooperation with lead farmers.

Sagaing Region has the largest pulse cultivation area in the country. Pulses are grown both as primary crops and as intercrops, and are regarded by farmers as important income-generating crops. **SK**

# Palestinian Authority backs Trump peace plan

JERUSALEM September 30

The Palestinian Authority (PA) has said it welcomes US President Donald Trump's "sincere and determined efforts" to achieve peace in Gaza, after Trump unveiled his roadmap to stop the fighting between Israel and Hamas.

The 20-point plan, released by the White House during Trump's meeting with Israeli Prime Minister Benjamin Netanyahu on Monday, calls for an immediate ceasefire and the exchange of all hostages held by Hamas for Palestinian prisoners in Israel. It envisions turning Gaza into a "deradicalized, terror-free zone" after the withdrawal of Israeli forces, with Hamas excluded from governing the enclave.



The Palestinian Authority, which governs the West Bank, said in a statement on Tuesday that it has confidence in Trump's ability to find a path toward peace in Gaza. Partnership with the US is essential in bringing stability to the region, it added.

The fighting must end "through a comprehensive agreement that ensures the sufficient delivery of humanitarian aid to Gaza, the release of hostages and prisoners, the establishment of mechanisms to protect the Palestinian people... prevent annexation of land, stop the displacement of Palestinians, end unilateral actions that violate international law, release withheld Palestinian tax revenues, and lead to a full Israeli withdrawal," it said.

"This would... open the path toward a just peace based on the two-state solution, with the independent and sovereign State of Palestine living side by side with the State of Israel in security, peace, and good neighborliness, in accordance with international legitimacy," according to the PA.

Hamas has said it will study the US proposal "in good faith." According to NBC's sources, the group is leaning toward accepting the plan and will present its response to the Egyptian and Qatari mediators on Wednesday.

However, the Palestinian Islamic Jihad, which is fighting along Hamas, rejected Trump's roadmap, calling it "a recipe to blow up the region." **RT**

## Mexico urges U.S. "consideration" over new vehicle tariffs

MEXICO CITY September 30

Mexican President Claudia Sheinbaum on Monday said she hoped the United States would show "consideration" toward Mexico following the U.S. decision to impose new tariffs on heavy vehicle imports.

"We are already in talks, hoping there will be consideration toward Mexico," Sheinbaum said during her daily press conference, adding the tariffs could be problematic for both countries.

U.S. President Donald Trump on Thursday announced a slew of new tariffs, including a 25-percent tariff on imported heavy vehicles starting October 1, as part of his policy to strengthen the domestic industry.

Sheinbaum noted that under the United States-Mexico-Canada Agreement on free trade, Mexico's exports have grown in sectors not subject to tariffs, particularly those excluding finished vehicles, steel or copper, benefiting from the accord's "zero-tariff" scheme.

"Trade ties with the United States continue to be very important and a very significant competitive advantage for Mexico," said Sheinbaum. **Xinhua**

## Moscow calls for constructive dialogue as key to implementing Trump's Gaza plan

MOSCOW September 30

It is important that the implementation of US President Donald Trump's Gaza plan pave the way for the resumption of dialogue between the Israeli and Palestinian sides, Russian Foreign Ministry spokeswoman Maria Zakharova said on Tuesday.

"It is important that the successful, smooth implementation of the plan pave the way for the resumption of constructive dialogue between the Israeli and Palestinian sides regarding a comprehensive political settlement of all contentious issues on a well-known international legal basis, providing for the creation of an independent Palestinian state coexisting in peace and security with Israel," Zakharova was quoted as saying by the Russian Foreign Ministry.

Moscow believes that any steps and initiatives aimed at a ceasefire in the Gaza Strip deserve support, the spokeswoman added.

"We hope the ceasefire will be sustainable and will become a prelude to long-term stabilization of the situation in the Palestinian enclave. This will create the necessary conditions for launching large-scale restoration work on the Strip's infrastructure, which was almost completely destroyed during the fighting," Zakharova also said.

**Sputnik**

## Israel, Qatar agree to establish trilateral coordination mechanism with US

WASHINGTON September 30

Israeli Prime Minister Benjamin Netanyahu and Qatari Prime Minister Sheikh Mohammed bin Abdulrahman Al Thani on Monday agreed to a proposal put forward by US President Donald Trump to establish a trilateral coordination mechanism, the White House said.

"Today, President Donald J. Trump hosted a trilateral phone call with His Excellency Prime Minister Benjamin Netanyahu of Israel and His Excellency Prime Minister Mohammed bin Abdulrahman bin Jassim Al Thani of Qatar ... The leaders accepted the president's proposal to establish a trilateral mechanism to enhance coordination, improve communication, resolve mutual grievances, and strengthen collective efforts to prevent threats," the White House said in a statement.

Netanyahu also expressed regret during that Israel violated Qatar's sovereignty by striking Hamas in Doha.

"He [Netanyahu] further expressed regret that, in targeting Hamas leadership during hostage negotiations, Israel violated Qatari sovereignty and affirmed that Israel will not conduct such an attack again in the future," the statement read.

Netanyahu also "expressed his deep regret" that a Qatari serviceman was "unintentionally" killed in the strike.

**Sputnik**

## Strong earthquake hits central Philippines, causes damage

MANILA September 30

An offshore earthquake with a preliminary magnitude of 6.7 rocked Cebu province in the central Philippines on Tuesday evening, the Philippine Institute of Volcanology and Seismology (Phivolcs) reported.

In a report, the institute stated that the quake, which occurred at 9:59 p.m. local time, struck at a depth of 10 km, approximately 17 km northeast of Bogo City.

The tremor was also felt in the provinces of Northern Samar, Bohol, and Sorsogon, as well as in nearby central Philippine provinces. However, there have been no reported casualties so far.

The institute said that the tectonic quake will trigger aftershocks and can cause significant damage.

Phivolcs Director Teresito Bacolcol warned the public to stay out of the beach due to the possibility of a minor sea level disturbance.

Bacolcol said that they received reports that the top of an old church has collapsed, adding that some areas have experienced a power outage after the strong quake.

The archipelagic Philippines has frequent seismic activities due to its location along the Pacific "Ring of Fire."

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Keto diet warning as experts link trendy low carb plan to three deadly conditions




The trendy Keto diet could raise the risk of developing diabetes , high cholesterol levels and fatty liver disease, concerning research has suggested.

It's a low-carb diet promoted by celebrities that promises to help you effortlessly slim down simply by cutting out foods like potatoes, pasta and bread.

But the trendy Keto diet could raise the risk of developing diabetes, high cholesterol levels and fatty liver disease, concerning research has suggested.

US scientists, found those on a high-fat, low-carb diet were far more likely to suffer insulin sensitivity and had low insulin levels, raising the risk of diabetes.




The team also discovered they were at higher risk of developing 'dangerously' high levels of harmful cholesterol that can build up in the body, potentially triggering fatty liver disease.

Dr Molly Gallop, a postdoctoral fellow in metabolic biology at the University of Utah, said: 'We observed worsening glucose intolerance and impaired insulin secretion the longer the animals had been on a keto diet.

'Therefore, the keto diet as a treatment for metabolic disease should be questioned even if initial improvements in health are observed.'

A keto diet aims, by almost eliminating energy dense carbohydrates, for people to achieve a state called ketosis.

This means no bread, pasta, rice, and no starchy veg such as corn, beans and squash and almost no fruit.

Without carbohydrates, the body starts to burn stored fat for energy instead, helping people lose weight.

In the study, researchers fed one group of male and female mice a high keto diet, comprised of 90 percent fat.

Three other control groups of mice were fed a low-fat diet, of 10 percent fat, a standard 60 percent high fat diet and a low-fat, moderate-protein diet which was made up of 10 percent fat and 10 percent protein.

Over a follow-up of a year, the scientists discovered the mice on the high keto diet initially lost weight.

However, as time went on, they acquired fatty liver disease, extreme glucose intolerance, and hyperlipidemia—high amounts of cholesterol and fat in the blood.

The researchers also discovered cholesterol levels were higher in all groups in male mice as compared to female mice.

Those on the high keto diet also gained insulin sensitivity and had low insulin levels.

Writing in the journal Science Advances, they said: 'While male and female mice on high keto diets are protected from weight gain as compared to mice on a traditional high fat diet, the mice experience severe glucose intolerance, high plasma lipids, and impaired insulin secretion with males also developing hepatic steatosis.'

Hepatic steatosis, or fatty liver, is the excessive buildup of fat in liver cells.

'The findings suggest that a keto diet used as a long-term dietary intervention may have harmful effects on metabolic health,' they added.

'Further studies in other strains of mice, other animal and in humans are necessary to determine whether keto diet-linked metabolic derangements are universal.'

A keto diet often consists of 75 percent fat, 20 percent protein and only 5 percent carbohydrates.

By contrast, the NHS's healthy balanced diet advice advocates for 30 percent fat, 15 percent protein and 55 percent carbohydrates.

The typical person on a keto diet is advised to only eat between 20g to 50g of carbohydrates per day.

With a slice of wholemeal bread containing 14g of carbohydrate and a banana 20g, this means people on a keto diet need careful plan their meals.

Despite multiple studies pointing to the potential dangers of a keto diet it has become increasingly popular.

A number of celebrities such as Gwyneth Paltrow, Jennifer Aniston, Halle Berry and Kourtney Kardashian have spoken about being on the low-carb diet in the past.

**Mail Online**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ လင်ကွမ်းစီကျောင်းတိုက်(ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ကျောင်းထိုင်ဆရာတော် Rev Shi Changzang အမှူးပြုသော ဘုန်းတော်ကြီးများက ဖိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရှိ ဆံတော်တိုက်အဝင် / အထွက် လုံခြုံရေးမှန်ကာရံ၍ ဆံတော်တိုက်ပတ်လည်ရွှေချထားသည့်နံရံများ Polycarbonate တပ်ဆင်လှူဒါန်း



ဆရာတော် Rev Shi Changzang နှင့်တာဝန်ရှိသူများက ဆံတော်တိုက် အဝင်/အထွက် လုံခြုံရေးမှန်တံခါးတပ်ဆင်ထားရှိမှုအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ဆရာတော် Rev Shi Changzang တို့ တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် စက်တင်ဘာ ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ လင်ကွမ်းစီကျောင်းတိုက်(ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ကျောင်းထိုင်ဆရာတော် Rev Shi Changzang အပါအဝင် ဘုန်းတော်ကြီး ၅ ပါးတို့က ရန်ကုန်တိုင်းဒေသကြီး၊ ဖိုလ်တထောင်မြို့နယ်ရှိ ဖိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၌ ဆံတော်တိုက် အဝင်/အထွက် လုံခြုံရေးမှန်တပ်ဆင်ခြင်းနှင့် ဆံတော်တိုက်ပတ်လည် ရွှေပိန်းချနံရံများအား Polycarbonate မှန်တပ်ဆင်လှူဒါန်းခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကို စက်တင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော သံဃာတော်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ လင်ကွမ်းစီကျောင်းတိုက်(ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ကျောင်းထိုင်ဆရာတော် Rev Shi Changzang အပါအဝင် ဘုန်းတော်ကြီး ၅ ပါး အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လင်ကွမ်းစီကျောင်းတိုက် (ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ကျောင်းထိုင်ဆရာတော်နှင့် တာဝန်ရှိသူများက ဆံတော်တိုက် အဝင်/အထွက် လုံခြုံရေးမှန်တပ်ဆင်ခြင်းနှင့် ဆံတော်တိုက်ပတ်လည် ရွှေပိန်းချနံရံများအား Polycarbonate မှန်တပ်ဆင်လှူဒါန်းခြင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။ ယင်းနောက်လင်ကွမ်းစီကျောင်းတိုက် (ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ကျောင်းထိုင်ဆရာတော်က ဝမ်းသာပီတိစကားမိန့်ကြားပြီး ဖိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် ဘဏ္ဍာတော်တိုက်အသစ် တည်ဆောက်ရန်အတွက် အလှူငွေယွမ် ၁၀၀၀၀ အား လှူဒါန်းရာ ဒုတိယဝန်ကြီးက လက်ခံရယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် လင်ကွမ်းစီကျောင်းတိုက် (ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ကျောင်းထိုင်ဆရာတော် Rev Shi Changzang အပါအဝင် ဘုန်းတော်ကြီး ၅ ပါးတို့သည် မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ ကမ္ဘာအေးကုန်းမြေရှိ မဟာဝိဇယမင်္ဂလာဓမ္မသဘင်သို့ ကြွရောက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား တွေ့ဆုံဖူးမြော်ကြည်ညိုကြပြီး နှစ်နိုင်ငံချစ်ကြည်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်အပူဇော်ခံခဲ့မှု အခြေအနေများနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များအား အပြန်အလှန်လျှောက်ထားဆွေးနွေးခဲ့ကြကာ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါ လင်ကွမ်းစီကျောင်းတိုက် (ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ဗုဒ္ဓမြတ်စွယ်တော်အား ၁၉၅၅ ခုနှစ်တွင် ၁ ကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ၁ ကြိမ်၊ ၁၉၉၆ ခုနှစ်တွင် ၁ ကြိမ်၊ ၂၀၁၁ ခုနှစ်တွင် ၁ ကြိမ်၊ စုစုပေါင်း ၄ ကြိမ် မြန်မာနိုင်ငံသို့ ပင့်ဆောင်အပူဇော်ခံခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/အောင်ဇမ္ဗူရှိ မြေကွက်အမှတ်(၃၃၄)၊ ဧရိယာ(၀.၀၈၉)ဧကအား အမည်ပေါက် ဒေါ်ကျူရီ(ဘ)ဦးရန်ကြင်း၊ ၁၃/နခန(နိုင်)၀၉၂၅၃၉ မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာဖြင့်တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ပျောက်ဆုံးကြောင်း

သီတာချို(ဘ)ဦးအာလီမူဒင် ၁၀/ကမရ(နိုင်)၂၁၂၀၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၀၅၅၄၆၃

### ပျောက်ဆုံးကြောင်း

မောင်အောင်ချမ်း(ဘ)ဦးမောင် ၁၀/မဒန(နိုင်)၂၅၆၀၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၁၅၈၈၄၁၅

### ပျောက်ဆုံးကြောင်း

ဖြိုးပြည့်စုံ(ဘ)ဦးဇော်ဦး ၁၀/မဒန(နိုင်)၂၆၂၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၉၀၉၃၆၀

### ပျောက်ဆုံးကြောင်း

သန်းထိုက်အောင်(ဘ)ဦးလှမြင့်သန်း ၇/မညန(နိုင်)၀၅၃၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၉၀၉၃၆၀

### ပျောက်ဆုံးကြောင်း

စည်သူအောင်(ဘ)ဦးအောင်သိန်း ၁၀/မလမ(နိုင်)၂၅၈၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၇၄၀၀၀၄၆

### ပျောက်ဆုံးကြောင်း

လောင်းလုံမြို့နယ်၊ ကဒက်ကြီးကျေးရွာနေ မောင်ရန်နိုင်စိုး(ဘ)ဦးလှမြင့် ၆/လလန(နိုင်)၀၅၉၇၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၁၉၁၇၂၉

### ပျောက်ဆုံးကြောင်း

မော်ဟိန်းထက်(ဘ)ဦးစိန်လှိုင် ၈/အလန(နိုင်)၁၂၉၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၆၁၆၅၆၅

### ပျောက်ဆုံးကြောင်း

နေမျိုးအောင်(ဘ)ဦးဟန်အုန်း ၇/မညန(နိုင်)၁၁၃၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၇၀၆၀၉၅

### ပျောက်ဆုံးကြောင်း

သန်းထွေး(ဘ)ဦးမြင့်ဆွေ ၉/မနတ(နိုင်)၀၄၈၀၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 781752)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း

ကျော်ရဲရင့်(ဘ)စိုင်းလှကျော် ၁၃/ကမန(နိုင်)၁၇၉၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ခင်ဇာနှင်း(ဘ)ဦးငွေအောင် ၉/ကပတ(နိုင်)၂၅၈၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## အလိမ္မာစာမှာရှိ

### ပျောက်ဆုံးကြောင်း

ခင်မောင်အေး(ဘ)ဦးအေးကို ၁၂/သဃက(နိုင်)၁၉၆၁၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

အာမိရာဘီ(ဘ)ဦးအင်ခွး ၃/ဘအန(နိုင်)၄၅၅၁၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၅၈၈၂၃၆

### ပျောက်ဆုံးကြောင်း

မဆွေဇင်(ဘ)ဦးတင်ငွေ ၁၂/ရပသ(နိုင်)၀၄၃၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၀၇၆၂၃၄

### ပျောက်ဆုံးကြောင်း

ကျော်စွာဝင်း(ဘ)ဦးမောင်မောင်အေး ၁၄/ပတန(နိုင်)၀၀၀၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 139428)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၈၄၇၄၃၉

### ပျောက်ဆုံးကြောင်း

ဝင်းကေခိုင်(ဘ)ဦးကံကြည် ၁၀/မလမ(နိုင်)၂၅၈၅၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၂၇၇၉၀၉၃

### ပျောက်ဆုံးကြောင်း

စိုးမိုးသူ(ဘ)ဦးသန်းဝင်းအောင် ၁၀/သဖရ(နိုင်)၁၅၂၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၁၅၇၆၇၁၆

# ရေဘူးများဖြင့်ရေသောက်ခြင်းက ရေရှည်မှာ ကျန်းမာရေးဆိုးကျိုးကိုပိုဖြစ်စေ



လူအများစုအနေနဲ့ ပလတ်စတစ်ရေဘူးများဖြင့် ရေသောက်ခြင်းက ပုံမှန်လုပ်ရိုးလုပ်စဉ်ကြီးတစ်ခုလိုဖြစ်နေကြပါပြီ။ တချို့ကတော့ ဒီလိုသောက်ခြင်းရဲ့ ကျန်းမာရေးအရဆိုးကျိုးကိုသိပေမယ့် မသိတဲ့သူကပိုများပါတယ်။ ဒါကြောင့် သိပ္ပံပညာရှင်များက ဒီလိုမျိုးပလတ်စတစ်ရေဘူးများနဲ့ ရေသောက်ခြင်း အရေးပေါ်အခြေအနေအတွက်အဆင်ပြေပေမယ့် ရေရှည်သောက်မယ်ဆိုရင်တော့ ကျန်းမာရေးအရဆိုးကျိုးဖြစ်စေနိုင်မယ်လို့ သိပ္ပံပညာရှင် ဆရာဆရာဝန်ဂျေဒီက ပြောပါတယ်။

သူကသိပ္ပံသုတေသနစာတမ်းပေါင်း ၁၄၀ ကျော်ကို လေ့လာမှုတွေလုပ်ပြီးတဲ့နောက် မိုက်ခရိုပလတ်စတစ်အမှုန် ၃၉၀၀၀ မှ ၅၂၀၀၀ ကြားဟာ လူတွေရဲ့ခန္ဓာကိုယ်ထဲ နှစ်စဉ်ဝင်ရောက်နေတယ်လို့ဆိုပါတယ်။ အဲဒီပမာဏထဲကိုမှ ရေဘူးနဲ့ရေသောက်တဲ့သူတွေဟာ နောက်ထပ်ပလတ်စတစ်အမှုန် ၉၀၀၀၀ ခန့်ကို ခန္ဓာကိုယ်အတွင်း ဝင်ရောက်ခွင့်ပြုနေတယ်လို့ ဆရာဆရာဝန်ဂျေဒီက ကောက်ချက်ချထားပါတယ်။

မိုက်ခရိုပလတ်စတစ်ဆိုတာ သာမန်မျက်စိနဲ့မမြင်နိုင်တဲ့ အမှုန်များဖြစ်ပြီး ပလတ်စတစ်ရေဘူးတွေဆီကနေ ထွက်လာတာဖြစ်ပါတယ်။ ဒီအမှုန်တွေက ခန္ဓာကိုယ်ထဲရောက်တာနဲ့ အတားအဆီးများကိုပင်ကျော်ဖြတ်ပြီး သွေးကြောများအတွင်းသို့ စီးဝင်နိုင်စွမ်းရှိပါတယ်။ Ref: IE

**ကိုထက်**

# ကျိုးသွားတဲ့အရိုးများကိုပြန်ဆက်ပေးမယ့် အရိုးဆက်သေနတ်

တောင်ကိုရီးယားနိုင်ငံမှ သုတေသနပညာရှင်များက ဆေးပညာသိပ္ပံလောကမှာ ဆန်းသစ်မှုတစ်ခုဖြစ်စေမယ့်အရာကို ဖန်တီးမိတ်ဆက်လိုက်ပါတယ်။ အဲဒါကတော့ အရိုးဆက်သေနတ်ပါ။ ကျိုးသွားတဲ့အရိုးတွေကို ပြန်ဆက်ပေးနိုင်စွမ်းရှိတယ့် ကိရိယာတစ်ခုဖြစ်ပါတယ်။

အရိုးဆက်သေနတ်ဆိုပေမယ့် ပုံစံက လက်ကိုင်သရီးဒီပရင်တာနဲ့ပိုတူပါတယ်။ ဒါပေမဲ့ ပလတ်စတစ်နဲ့လုပ်ထားတာတော့ မဟုတ်ပါဘူး။ အဲဒီသေနတ်က သဘာဝအလျောက်ဆွေးမြည့်သွားစေနိုင်စွမ်းရှိတဲ့ ပေါ်လီမာတွေကို ကျိုးသွားတဲ့အရိုးပေါ် ဖုံးပေးလိုက်ပါတယ်။ အဲဒီပေါ်လီမာတွေက အရိုးကျိုးသွားတဲ့နေရာပတ်ဝန်းကျင်ရှိ တစ်သျှူးများကိုထိခိုက်စေခြင်းမရှိဘဲ လူနာတစ်ဦးချင်းစီရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံနဲ့အံဝင်ခွင်ကျဖြစ်စေမှာပါ။

အခုခေတ်အသုံးများနေတဲ့ ဆီလီကွန်အချောင်းထည့်ပြီး ကော်ကပ်တဲ့နေရာမှာ အသုံးပြုတဲ့ ကော်ကပ်သေနတ်များရဲ့ ဖြစ်တည်မှုပုံစံကိုတုပကာ ဆောင်ကျွန်းကွမ်တက္ကသိုလ်မှ သုတေသနပညာရှင်များက အရိုးဆက်သေနတ်ကိုဖန်တီးထားတာပါ။

လက်ရှိအသုံးပြုနေတဲ့ စတီးရိုးထည့်တာတို့၊ တိုက်တေနီယံချောင်းထည့်တာတို့လိုမျိုး အရိုးပြန်ဆက်မှုနည်းလမ်းတွေက စံသတ်မှတ်ချက်အဖြစ်ရှိနေသေးပေမယ့်လည်း ကုန်ကျစရိတ်ကြီးမြင့်မှုနဲ့ လူတစ်ဦးချင်းစီနဲ့ ကိုက်ညီမှုရှိဖို့အတွက် ခက်ခဲမှုများရှိပါတယ်။ Ref: IE

**ကိုထက်**





# ရန်သူ့ဒုံးကျည်အစင်း ၁၀၀၀ အထိကိုခြေရာခံနိုင်စေမယ့် တရုတ်တပ်မတော်ရဲ့ ကမ္ဘာ့ကာကွယ်ရေးစနစ်



အမေရိကန်နိုင်ငံက ရွှေကွန်ချာစနစ်ကိုထုတ်လုပ်ဖို့အတွက် ပြင်ဆင်နေစဉ်မှာပင် တရုတ်နိုင်ငံက အမေရိကန်ရဲ့ရွှေကွန်ချာစနစ်လိုမျိုး ကမ္ဘာ့ကာကွယ်ရေးစနစ်ရဲ့ ရှေ့ပြေးပုံစံကို ထုတ်ဖော်ပြသလိုက်ပါပြီ။

အခုထုတ်ဖော်ပြသတဲ့စနစ်က ရှေ့ပြေးပုံစံဖြစ်တဲ့အတွက် ကြိုတင်သတိပေးမှုစနစ်ကိုအကောင်အထည်ဖော်မှုက အစောပိုင်းအဆင့်မှာသာရှိနေသေးပေမယ့် အဲဒီစနစ်ရဲ့စွမ်းဆောင်ရည်က ကမ္ဘာ့ဘယ်နေရာကနေမဆို တရုတ်နိုင်ငံကိုဦးတည်ပစ်ခတ်လာတဲ့ ဒုံးကျည်အစင်းပေါင်း ၁၀၀၀ ကို တစ်ပြိုင်နက်တည်းခြေရာခံနိုင်စွမ်းရှိတယ်လို့ ဒီစီမံကိန်းမှာပါဝင်တဲ့ သိပ္ပံပညာရှင်တချို့ကပြောထားပါတယ်။

အထူးသဖြင့် အဲဒီစနစ်က အာကာသ၊ မြေပြင်၊ ရေပြင်၊ ပေလောင်တို့မှ ထောက်လှမ်းရရှိတဲ့သတင်းအချက်အလက်များကို ရယူစုပေါင်းပြီး ခွဲခြမ်းစိတ်ဖြာခြင်းအားဖြင့် ဖြစ်ပေါ်လာနိုင်တဲ့အန္တရာယ်ကိုခန့်မှန်းကာ အရေးကြီးတဲ့သတင်းအချက်အလက်များကို အချိန်နဲ့တစ်ပြေးညီရယူနိုင်စွမ်းရှိပါတယ်။ ဒီစနစ်ဟာ ကမ္ဘာ့တစ်ဝန်းလုံးကို လွှမ်းခြုံနိုင်စွမ်းရှိတဲ့ ကမ္ဘာ့ပထမဆုံးသောကာကွယ်ရေးစနစ်ကြီးဖြစ်တယ်လို့ ကျွမ်းကျင်သူများကပြောပါတယ်။ Ref: SCMP

**ကိုထက်**

# ဒရုန်းလိုပျံသန်းပြီး ဒုံးကျည်လိုတိုက်ခိုက်မယ့် အသေခံဒရုန်းကို အမေရိကန်လက်တွေ့စမ်းသပ်




အသေခံဒရုန်းတွေခေတ်စားလာနေတဲ့ ဒီအချိန်မှာ အမေရိကန်တပ်မတော်သည်လည်း အသေခံဒရုန်းကိုဖန်တီးထုတ်လုပ်လာပါတယ်။ ဒါပေမဲ့ သူတို့ဖန်တီးထားတဲ့ ဒရုန်းပုံစံက သာမန်အသေခံဒရုန်းနဲ့မတူပါဘူး။ ပျံသန်းမှုပုံစံက ဒရုန်းတစ်စင်းလိုမျိုး ပျံသန်းနိုင်တာမှန်ပေမယ့် တိုက်ခိုက်မှုပုံစံမှာတော့ ဒုံးကျည်တစ်စင်းလိုအရှိန်အဟုန်နဲ့တိုက်ခိုက်မှာဖြစ်ပါတယ်။

အမှတ်(၁)သံချပ်ကာယန္တရားတပ်မမှ ခြေလျင်စစ်သည်များက Switchblade 600 လို့အမည်ပေးထားတဲ့ အဲဒီအသေခံဒရုန်းကို လက်တွေ့စမ်းသပ်ပစ်ခတ်မှုလုပ်ခဲ့ပါတယ်။ ဒီလိုမျိုးလက်တွေ့စမ်းသပ်မှုကိုလုပ်ဆောင်ခြင်းဟာ သံချပ်ကာတပ်ဖွဲ့များမှာ တိကျစွာတိုက်ခိုက်နိုင်စွမ်းများထပ်ပေါင်းထည့်ပေးနိုင်စေမယ့် ခြေလှမ်းတစ်ရပ်ဖြစ်တယ်လို့ သံချပ်ကာယန္တရားတပ်မက ထုတ်ပြန်ထားပါတယ်။

ဒရုန်းကိုပြွန်တစ်ခုထဲထည့်ပြီးတော့ ပစ်လွှတ်နိုင်ပါတယ်။ သူ့ရဲ့အလျားက ၅ ပေအရှည်ရှိပြီး အလေးချိန်က ၇၅ ပေါင်ရှိပါတယ်။ သူ့မှာ Javelin ဘက်စုံသုံးဒုံးကျည်တပ်ထားပြီး ၂၇ မိုင်အကွာရှိပစ်မှတ်ကိုတိုက်ခိုက်နိုင်ပါတယ်။ Ref: IE

**ကိုထက်**

# ပေါင်ချိန် ၆၇၀၀၀ ကိုတင်ပြီး ရေမိုင် ၁၀၀၀၀ အထိသွားနိုင်မယ့် မောင်းသူမဲ့ဘက်စုံသုံးယာဉ်



Modular Attack Surface Craft လို့ အမည်ပေးထားတဲ့မောင်းသူမဲ့ရေယာဉ်မှာ တကယ့်ကို အကြီးစားဝန်တင်လေ့တစ်စင်းလို့ ထင်ကောင်းထင်နိုင်မယ့် အရည်အချင်းတွေရှိနေပါတယ်။ သူတင်ဆောင်နိုင်တဲ့ ဝန်အလေးချိန်က ပေါင်ချိန် ၆၇၀၀၀ ဖြစ်ပါတယ်။ ဒါက သူနဲ့အရွယ်အစားတူလေ့နဲ့ယှဉ်ရင် အလေးချိန် ၂ ဆကိုပိုမိုတင်ဆောင်နိုင်တာပါ။

BlackSea Technologies ကုမ္ပဏီက ထုတ်လုပ်ထားတဲ့ ဒီလေ့မှာ လျှပ်စစ်စွမ်းအင် ၁၉၈ ကီလိုဝပ်ရှိတဲ့ စွမ်းအားပေးစနစ်ကိုထည့်သွင်းထားပါတယ်။ အဲဒီစနစ်က အဆင့်မြင့်အာရုံခံကိရိယာများ၊ လက်နက်စနစ်များကို စွမ်းအားပေးမှာပါ။ ဒီလောက်များပြားလှတဲ့ဝန်တွေကိုတင်ထားပေမယ့် သူသွားနိုင်တဲ့အကွာအဝေးက ရေမိုင်စုစုပေါင်း ၁၀၀၀၀ အထိရှိပါတယ်။

အမေရိကန်ရေတပ်အတွက် ထုတ်လုပ်ပေးထားတဲ့ ဒီရေယာဉ်က ရေငုပ်သင်္ဘောတိုက်ဖျက်ရေး၊ သင်္ဘောတိုက်ဖျက်ရေး၊ အီလက်ထရွန်နစ်စစ်ဆင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ အခြေခံအဆောက်အဦစောင့်ကြည့်ရေး၊ တိုက်ခိုက်ရေးနဲ့ မိုင်းရှင်းရေးလုပ်ငန်းတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်စွမ်းရှိမှာ ဖြစ်တယ်လို့ BlackSea Technologies ကုမ္ပဏီရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။ Ref: IE

**ကိုထက်**

## ပါကစ္စတန်က Fatah-4 အနိမ့်ပျံ ဒုံးကျည်ကို လေ့ကျင့်ပစ်ခတ်မှု ပြုလုပ်

**အစ္စလာမ်မာဘတ်၊ ပြည်တွင်းရေး**

ပါကစ္စတန်နိုင်ငံက ပြည်တွင်း၌ထုတ်လုပ်ထားသည့် Fatah-4 အမည်ရှိ မြေပြင်ပစ်အနိမ့်ပျံဒုံးကျည်ကို စက်တင်ဘာလ ၃၀ ရက်တွင် လေ့ကျင့်ပစ်ခတ်မှုလုပ်ဆောင်ကြောင်း ပါကစ္စတန်တပ်မတော်က ထုတ်ပြန်ထားသည်။

အဆိုပါဒုံးကျည်စနစ်သည် ကီလိုမီတာ ၇၅၀ အကွာအဝေးရှိပစ်မှတ်ကို တိကျမှုမြင့်မားစွာထိမှန်အောင်ပစ်ခတ်နိုင်စွမ်းရှိကြောင်း ပါကစ္စတန်တပ်မတော်သတင်းထုတ်ပြန်ရေးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းဒုံးကျည်စနစ်တွင် အဆင့်မြင့်နည်းပညာများနှင့် နောက်ဆုံးပေါ်လမ်းညွှန်စနစ်တို့ကိုတပ်ဆင်ထားကြောင်း၊ ဒုံးကျည်သည် မြေပြင်နှင့်နီးကပ်သည့် အကွာအဝေးမှ ပျံသန်းနိုင်စွမ်းရှိသောကြောင့် ရန်သူ့ဒုံးကျည်ကာကွယ်ရေးစနစ်များကို ဖောက်ထွင်းနိုင်စွမ်းရှိကြောင်းနှင့် ပစ်မှတ်များကိုတိကျမှုရှိစွာထိမှန်နိုင်စွမ်းရှိကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ထိုလေ့ကျင့်ပစ်ခတ်မှုကို ပါကစ္စတန်တပ်မတော်ဒုံးတပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်က ဦးစီးဆောင်ရွက်ခြင်းဖြစ်ပြီး ဒုံးကျည်၏ စွမ်းဆောင်ရည်များကို သိရှိနိုင်စေရန် လုပ်ဆောင်ခြင်းဖြစ်သည်။ **Ref: Xinhua**

## ဖိလစ်ပိုင်ကမ်းရိုးတန်းဒေသ၌ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပွား



**မနီလာ၊ သဘာဝဘေး**

မကြာသေးမီက မုန်တိုင်းတိုက်ခတ်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့ထားရသည့် ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ကမ်းလွန်ဒေသတစ်ခု၌ စက်တင်ဘာလ ၃၀ ရက်ညပိုင်းတွင် အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါငလျင်သည် ပြင်းအား ၆ ဒသမ ၉ မဂ္ဂနီကျူရှိသည်ဟု အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနကထုတ်ပြန်ထားသော်လည်း နိုင်ငံအလယ်ပိုင်း စီဘူးပြည်နယ်၌ လှုပ်ခတ်သောငလျင်သည် ပြင်းအား ၆ ဒသမ ၇ သာရှိသည်ဟု ဖိလစ်ပိုင်မီးတောင်နှင့်မြေငလျင်ဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုငလျင်သည် ဘိုဂိုမြို့မှအရှေ့မြောက်ဘက် ၁၇ ကီလိုမီတာအကွာ မြေအောက်အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ ည ၉ နာရီ ၅၉ မိနစ်တွင်လှုပ်ခတ်ခြင်းဖြစ်သည်ဟု တာဝန်ရှိသူများ၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

မြေငလျင်လှုပ်ခတ်မှုအရှိန်ကို မြောက်ဆမားပြည်နယ်၊ ဘိုဟိုပြည်နယ်၊ ဆော်ဆိုဂွန်ပြည်နယ်နှင့် နိုင်ငံအလယ်ပိုင်းရှိပြည်နယ်အများစုက ခံစားရကြောင်း၊ သို့သော် လက်ရှိအချိန်အထိ ထိခိုက်ဒဏ်ရာရရှိမှုထုတ်ပြန်ချက်များ ထွက်ပေါ်လာခြင်းမရှိသေးကြောင်း ဒေသတွင်းသတင်းဌာနများကဖော်ပြထားသည်။

သို့သော် ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပွားကြောင်း၊ ငလျင်ကြောင့် ဆူနာမီသတိပေးချက်ထုတ်ပြန်ထားခြင်းမရှိသော်လည်း ပင်လယ်ရေမျက်နှာပြင်အနည်းငယ်မြင့်တက်မှုဖြစ်လာနိုင်သောကြောင့် ပြည်သူများအနေဖြင့် ကမ်းခြေများသို့သွားလာခြင်းကို ရှောင်ရှားရန်တိုက်တွန်းကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

စက်တင်ဘာလ ၂၉ ရက်တွင်လည်း နိုင်ငံတောင်ပိုင်းရှိ မင်ဒါနာအိုကျွန်း၌ အလားတူပြင်းအားရှိသည့် ငလျင်တစ်ခုလှုပ်ခတ်ခဲ့သေးကြောင်းနှင့် ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ရကြောင်းသိရသည်။ **Ref: Xinhua, IT**

## ချန်နိုင်းမြို့ရှိ ဓာတ်အားပေးစက်ရုံ၌ မတော်တဆမှုကြောင့် အလုပ်သမားကိုးဦး သေဆုံး

**ချန်နိုင်း၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိဆောက်လက်စဓာတ်အားပေးစက်ရုံတစ်လုံး၌ မတော်တဆမှုတစ်ခုဖြစ်ပွားရာအလုပ်သမားကိုးဦးသေဆုံးပြီး လူအများအပြားဒဏ်ရာရရှိကြောင်း အစိုးရတာဝန်ရှိသူတစ်ဦး၏ပြောဆိုမှုကိုကိုးကား၍ ANI သတင်းဌာနက စက်တင်ဘာလ ၃၀ ရက်တွင်ထုတ်ပြန်ထားသည်။

အဆိုပါ မတော်တဆမှုဖြစ်စဉ်သည် အန်နိုးအထူးစီးပွားရေးဇုန်ရှိ အပူစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း၌ဖြစ်ပွားခြင်းဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း သံမဏိအမိုးဒိုင်းတစ်ခုပြိုကျခြင်းဖြစ်ကြောင်း တမီနာဒူးပြည်နယ်လျှပ်စစ်စွမ်းအင်ဆိုင်ရာဘုတ်အဖွဲ့အတွင်းရေးမှူး ဂျေရာဒါရံရစ်ရှနက်ကပြောသည်။


ထို့ပြင် အဆိုပါမတော်တဆမှုဖြစ်ပွားရသည့်အကြောင်းရင်းနှင့်ပတ်သက်၍တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများစတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

အိန္ဒိယဝန်ကြီးချုပ်က ထိုဖြစ်စဉ်၌ သေဆုံးသူများ၏မိသားစုဝင်များကို ရူပီး ၂သိန်းစီနှင့် ဒဏ်ရာရရှိသူများကို ရူပီး ၅၀၀၀၀ စီ ထောက်ပံ့ပေးသွားရန် ညွှန်ကြားထားကြောင်းသိရသည်။ **Ref: ANI**

## ပညာရှင်များက လူ့အရေပြားကို မျိုးပွားနိုင်သောမမျိုးဥအဖြစ် ပထမဆုံးအကြိမ်ပြောင်းလဲလိုက်နိုင်

**ပဲရစ်၊ ဆေးပညာ**

အမေရိကန်နိုင်ငံမှ သိပ္ပံပညာရှင်များဦးဆောင်သော ပညာရှင်အဖွဲ့တစ်ဖွဲ့သည် လူ့အရေပြားကို မျိုးပွားနိုင်သောမမျိုးဥအဖြစ် ပထမဆုံးအကြိမ်ပြောင်းလဲလိုက်နိုင်ကြောင်းနှင့် ယင်းမမျိုးဥကိုအသုံးပြု၍ ဓာတ်ခွဲခန်းအတွင်း မျိုးပွားခြင်းလုပ်ငန်းကိုလုပ်ဆောင်လိုက်နိုင်ကြောင်း စက်တင်ဘာလ ၃၀ ရက်တွင်ထုတ်ပြန်ထားသည်။



အဆိုပါနည်းပညာသည် နောင်တစ်ချိန်တွင် မျိုးမပွားနိုင်သောသူများအနေဖြင့် ကလေးရယူနိုင်စေမည့် နည်းလမ်းအဖြစ် မျှော်လင့်နိုင်ကြောင်း၊ သို့သော် ထိုအခြေအနေသို့ရောက်ရှိရန် အနည်းငယ်အလှမ်းဝေးနေသေးကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။

ဖန်ပြွန်သန္ဓေသားကဲ့သို့ နည်းလမ်းဖြစ်သည့် အဆိုပါနည်းပညာသာအောင်မြင်ခဲ့ပါက အသက်ကြီးနေပြီဖြစ်သည့်အမျိုးသမီးများ၊ မျိုးရိုးဗီဇအရကလေးမမွေးနိုင်သောအမျိုးသမီးများအနေဖြင့်ကလေးရယူနိုင်စေမည်ဖြစ်ကြောင်း ဒေါက်တာပေါလာအာမာတိုကပြောသည်။

ယခုကဲ့သို့ဖြစ်ပေါ်လာစေရေးအတွက် ပညာရှင်များက လူ့အရေပြား၏ကလာပ်စည်းများမှ နျူးကလိယပ်ကိုဖယ်ရှားပြီး နျူးကလီးယပ်ဖယ်ရှားခံထားရသည့်အခြားသောလက်ခံမမျိုးဥထဲသို့ ထည့်သွင်းပေးလိုက်ခြင်းဖြစ်သည်။ ထိုနည်းပညာသည် ၁၉၉၆ ခုနှစ်ကတည်းကရှိခဲ့သည့် နည်းပညာဖြစ်သော်လည်း ပြဿနာတစ်ရပ်ကရှိနေသေးသည်။

ထိုပြဿနာမှာ အရေပြားကလာပ်စည်းများ၌ ခရိုမိုဆုမ်း ၄၆ ခုပါဝင်ပြီး မမျိုးဥများ၌ ခရိုမိုဆုမ်း ၂၃ ခုသာပါဝင်ခြင်းဖြစ်သည်။ ယခုအခါ သိပ္ပံပညာရှင်များက ပိုနေသောခရိုမိုဆုမ်းများကို အောင်မြင်စွာဖယ်ရှားလိုက်နိုင်သောကြောင့် ယခုကဲ့သို့ ရလဒ်ကိုရရှိလာခြင်းဖြစ်ကြောင်းသိရသည်။ **Ref: ST**

## ထရမ့်က အမေရိကန်ရေငုပ်သင်္ဘောများကို ရုရှားကမ်းရိုးတန်းအနီး နေရာချထားသည်ဟုဆို



**ဝါရှင်တန်၊ စစ်ရေး**

